မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၂၀)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- * အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- * စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄) ရပ်

- * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ကာယပညာနှင့် အားကစားဦးဆောင်ကော်မရှင် ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ညနေ ၄နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ကာယပညာနှင့် အားကစားဦးဆောင်ကော်မရှင် ဥက္ကဋ္ဌ H.E.Mr.Pak Hak Son ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ကာယပညာနှင့် အားကစားဦးဆောင်ကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Kim Sok Chol နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ကာယပညာနှင့် အားကစားဦးဆောင်ကော်မရှင် ဥက္ကဋ္ဌ H. E. Mr. Pak Hak Son အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ကာယပညာနှင့် အားကစားဦးဆောင်ကော်မရှင် ဥက္ကဋ္ဌ H. E. Mr. Pak Hak Son ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

13-5 (01).pmd 1 5/13/2009, 2:09 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၁၃ ရက်)

နိုင်ငံတော်နှင့်ပြည်သူ အားကိုးပြုသည့်သူများဖြစ်ရန် ကြိုးပမ်း ဥပဒေစွမ်းရည်များ အစဉ်ထက်မြက်စေရန် ဆည်းပူးလေ့လာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြည်နယ်/တိုင်းဥပဒေအရာရှိများအား မေလ ၁၁ ရက်နေ့က နေပြည်တော်ရှိ ရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ ဥပဒေရေးရာကိစ္စများကို ရှင်းလင်းပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်သည် အသက်တမျှအရေးကြီးပြီး ယင်းမဏ္ဍိုင်သုံးရပ်ပေါ်တွင် အခြေခံပြီး နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်ရန် တည်ဆောက်နေခြင်းဖြစ်သည်။

ဤမဏ္ဍိုင်သုံးရပ် အခြေခိုင်မာသည်နှင့်အမျှ နိုင်ငံတော်သည်လည်း ကျစ်လျစ်တောင့်တင်းခိုင်မာပြီး ယင်းမဏ္ဍိုင်သုံးရပ် ချို့ယွင်းအားနည်းလာပါက နိုင်ငံတော်သည် ချို့ယွင်းအားနည်းပြီး အချုပ်အခြာအာဏာပါ လက်လွတ်ဆုံးရှုံးသွားနိုင်သည့် အခြေအနေအထိ ရောက်ရှိသွားနိုင်သည်။

ဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းဖြစ်ပြီး ယင်းစည်းမျဉ်းစည်းကမ်းကို နိုင်ငံသားတိုင်း လေးစားလိုက်နာရန် အုပ်ချုပ်ရေးအပိုင်းက ကြပ်မတ်ဆောင်ရွက်ပေးရမည် ဖြစ်သည်။

ဥပဒေအရာရှိများသည် ၂၀၀၁ခုနှစ် ရှေ့နေချုပ်ဥပဒေ၊ ရှေ့နေချုပ်နည်းဥပဒေများနှင့် အခြားတည်ဆဲဥပဒေများ၏ အပ်နှင်းထားသည့် တာဝန်များကို အချိန်နှင့်တစ်ပြေးညီ မှန်ကန်တည့်မတ်စွာ ဆောင်ရွက်မှသာ တရားစီရင်ရေးယန္တရား မှန်ကန်ချောမွေ့စေမည် ဖြစ်သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ ကျင့်ထုံးဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တစ်ပြေးညီဆောင်ရွက်ကြမှသာ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးစီးပွားကို အမှန်တကယ်စောင့်ရှောက်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်မည် ဖြစ်သည်။

နိုင်ငံနှင့်ပြည်သူ့အကျိုးကို ဥပဒေဖြင့် ကာကွယ်စောင့်ရှောက် ဖော်ဆောင်သော ဥပဒေအရာရှိများအဖြစ် ဆောင်ရွက်နိုင်ရန် ဥပဒေအသိပညာများကို ခေတ်နှင့်တစ်ပြေးညီ ကျွမ်းကျင်လိမ္မာစွာ နားလည်တတ်ကျွမ်းအောင် အစဉ်အမြဲလေ့လာနေရမည်ဖြစ်ပြီး နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ရာတွင် ကျင့်ဝတ်နှင့်စည်းကမ်းများကို တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်၍ ဥပဒေအရာရှိများသည် ဥပဒေလုပ်ငန်းများကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ ဥပဒေအကြံပေးရာတွင်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ပြီး ဥပဒေစွမ်းရည်များ အစဉ်ထက်မြက်စေရန် စဉ်ဆက်မပြတ် ဆည်းပူးလေ့လာ၍ နိုင်ငံတော်နှင့် ပြည်သူများက အားကိုးအားထားပြုရသည့် ဥပဒေအရာရှိများအဖြစ် ခိုင်မာစွာရပ်တည်နိုင်ရန် ကျင့်ကြံကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✱ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✱ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✱ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၅-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော် + ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၁၅ MRTV-4 နံနက်ခင်းသတင်း
- ၆:၀၀ **အဝိဇ္ဇာကြောင့်သေရတာ** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၇:၀၀ ရတနာသိုက်ရှာပုံတော်(အပိုင်း-၃၃)
- ၇:၃၀ The Jetsons
- ၈:၀၀ MRTV-4 နံနက်ခင်းသတင်း
- ၈:၄၅ Industrial Talk
- ၉:၁၅ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှိုးမြန်မာ့နှစ်သစ်ကူးခရီးစဉ်
- ၉:၂၅ သွေးတိုး၊ ဆီးချိုအကြောင်း သိကောင်းစရာ တိုင်းရင်းဆေးပညာ
- ၉:၃၅ Myanmar Video Rhythm
- ၁၀:၁၅ သိမ်းဆည်းထာဝစဉ် မညှိုးပန်းအသွင်
- ၁၀:၃၅ MNL Cup 2009 ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ လေ့ကျင့်ပြင်ဆင်နေမှုများ "ကမ္ဘောဇ FC"
- ၁၀:၅၀ နိုင်ငံရပ်ခြားအတွေ့အကြုံနှင့် စွဲမက်ဖွယ်ရာ အရသာ စပိန်စတိုင်(လ်)
- ၁၁:၀၅ တေးဂီတအစီအစဉ်
- ၁၁:၂၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ်
- ၁၁:၄၀ ပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်း
- ၁၁:၄၅ Yangon Panorama (နာဂစ်မုန်တိုင်းသင့် ပြည်သူများအား ရည်စူး၍ ကုသိုလ်ဖြစ်သွေးလှူဒါန်းပွဲ)
- ၁၂:၀၀ သာယာငြိမ်းချမ်းစိမ်းလန်းဝေစည် ငွေတောင်ပြည်
- ၁၂:၃၀ Fashion Guide (အကယ်ဒမီဆွေဇင်ထိုက်၏ တစ်ခါတုန်းက ဖက်ရှင်)
- ၁:၀၀ **အဝိဇ္ဇာကြောင့်သေရတာ** တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၁:၃၅ မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
- ၂:၀၀ ဓာတ်ပုံထဲမှအမှတ်တရများ (ရတနာ)
- ၂:၂၅ မီးအပူပေး ပြုပြင်ခြင်းနည်းပညာ
- ၂:၅၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Bravo)
- ၃:၀၅ တေးဂီတအစီအစဉ်
- ၃:၂၀ လှပကျော့ရှင်းပွဲတင့်စေရာ စိုးစိုးဖက်ရှင်မှာ
- ၃:၃၅ ဂေါ့ဖ်ချစ်သူများအတွက် ဂေါ့ဖ် Accessories
- ၃:၅၀ ထုဆစ်သွန်းပြု အလိုတော်ပြည့်ဆင်းတု
- ၄:၀၀ ပိုးစာပင်စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်း
- ၄:၁၀ လင်းလက်သော ကြယ်ပွင့်လေးများ စုဝေးတည်ရှိခြင်း
- ၄:၂၅ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှိုးမြန်မာ့နှစ်သစ်ကူးခရီးစဉ်
- ၄:၃၅ ခမ်းနားထည်ဝါ ဓာတ်လှေကားပညာ
- ၅:၀၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (မောဟာဘုံရိုက်ကွင်းအမှတ်တရ)
- ၅:၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 ညနေခင်းသတင်း
- ၆:၁၅ လှပကျော့ရှင်း ပွဲတင့်စေရာ စိုးစိုးဖက်ရှင်မှာ
- ၆:၃၀ Yangon Panorama (နာဂစ်မုန်တိုင်းသင့် ပြည်သူများအား ရည်စူး၍ ကုသိုလ်ဖြစ်သွေးလှူဒါန်းပွဲ)
- ၆:၄၅ Fashion Guide (အကယ်ဒမီဆွေဇင်ထိုက်၏ တစ်ခါတုန်းက ဖက်ရှင်)
- ၇:၁၅ ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Bravo)
- ၇:၃၀ Myanmar Video Rhythm
- ၈:၀၀ MRTV-4 သတင်း
- ၈:၁၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (မောဟာဘုံရိုက်ကွင်းအမှတ်ရ)
- ၈:၄၀ MNL Cup 2009 ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ လေ့ကျင့်ပြင်ဆင်နေမှုများ "ကမ္ဘောဇ FC"
- ၉:၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉:၂၀ ဂေါ့ဖ်ချစ်သူများအတွက် ဂေါ့ဖ် Accessories
- ၉:၃၀ ရတနာသိုက်ရှာပုံတော်(အပိုင်း-၃၃)
- ၁၀:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၁၁:၄၅ ဓာတ်ပုံထဲမှအမှတ်တရများ (ရတနာ)
- ၁၂:၁၅ သာယာငြိမ်းချမ်းစိမ်းလန်းဝေစည် ငွေတောင်ပြည်
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁:၂၄	Wigan - Man Utd	ESPN (Live)

မြဝတီရုပ်မြင်သံကြား

၁၃-၅-၂၀၀၉ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄:၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၅။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
- ၄:၅၀ ၆။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၁၅ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၂၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၅၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆:၃၀ ၁၄။ လျှပ်တစ်ပြက်
- ၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် **ပိုးကောင်ကလေးများရဲ့အတွေး** (အပိုင်း-၁၇)
- ၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဝတ်လွှာစိမ်းနှင့် ပန်းနှင်းဆီ** (အပိုင်း-၁၇)
- ၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ မိုးလေဝသသတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ ဖြေလိုက်ပါ
- ၂၁။ ICT သုတ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တရားရှင်နှင့်ကျွန်ကျောင်း** (အပိုင်း-၇)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မွမ်းမံသင်တန်းများဖွင့်

ရန်ကုန် မေ ၁၂

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ(၂) ရေသန့် (မွမ်းမံ)သင်တန်းနှင့် အင်ဂျင်နီယာ လျှပ်စစ်(မွမ်းမံ) သင်တန်းများဖွင့်ပွဲကို ယမန်နေ့ မွန်းလွဲ၁၂နာရီခွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)သင်တန်းခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

သင်တန်းဖွင့်ပွဲသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် သင်တန်းဆရာများ တက်ရောက်ကြပြီး အဆိုပါသင်တန်းသို့ လျှပ်စစ်အင်ဂျင်နီယာ ၁၉ဦး၊ ရေသန့်အင်ဂျင်နီယာ ၂၈ ဦး စုစုပေါင်း ၄၇ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် ဗဟိုသင်တန်းကျောင်း(သုဝဏ္ဏ)ရှိ စာသင်ဆောင်များ၊ အိပ်ဆောင်များနှင့် အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးသည် သာကေတမြို့နယ်ရှိ ပစ္စည်းသိုလှောင်ရေးနှင့် ဖြန့်ဖြူးရေးဌာန၌ ပြည်နယ်နှင့် တိုင်းအသီးသီးသို့ ဖြန့်ဖြူးပေးမည့် ကတ္တရာများ ရောက်ရှိမှု၊ သိုလှောင်ထိန်းသိမ်းထားရှိမှုတို့ကိုလည်းကောင်း၊ ရန်ကင်းမြို့နယ်ရှိ ဗဟိုပစ္စည်း သိုလှောင်ရေးနှင့် ဖြန့်ဖြူးရေးဌာန ပစ္စည်းသိုလှောင်ရုံးဝင်း၌ မြို့ပြဆိုင်ရာ၊ လျှပ်စစ်ဆိုင်ရာနှင့် ရေသန့်ဆိုင်ရာ ပစ္စည်းများ သိုလှောင်ထားရှိမှုတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲ ဝိုင်းမော်၌ကျင်းပ

ဝိုင်းမော် မေ ၁၂

ဝိုင်းမော်မြို့နယ်၏ ၂၀၀၉-၂၀၁၀ စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၃၀ရက် နံနက် ၁၀နာရီက ဝိုင်းမော်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဆမားခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းက စီမံကိန်းရည်မှန်းချက်များနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်စီမံကိန်းဦးစီးမှူး ဒေါ်အိအိရွှေက စီမံကိန်းရည်မှန်းချက် အကောင်အထည်ဖော်နိုင်ရေး အခြေအနေကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး ဌာနဆိုင်ရာများ၊ ကျေးရွာဥက္ကဋ္ဌများနှင့် ကုမ္ပဏီလုပ်ငန်းရှင်များအား စီမံကိန်းတာဝန်များကို မြို့နယ်ဥက္ကဋ္ဌ ဦးတင်ဝင်းက ပေးအပ်ခဲ့သည်။

(မြို့နယ် ပြန်/ဆက်)

မရမ်းကုန်း၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ရန်ကုန် မေ ၁၂

မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းအတိုင်း ရှေ့မှနောက်သို့ ရန်ကုန်မြစ်အတွင်းစီးဆင်းနေသော အရှည်ပေ ၄၈၀၀ ရှိ ခရမ်းချောင်းကြီး မိုးမကျမီ ရေစီးရေလာကောင်းမွန်ရေးအတွက် ဝဲယာ မလွတ်ကင်းသော နေအိမ်အဆောက်အအုံများ မေ ၁၅ ရက်မတိုင်မီ ရှင်းလင်းထားရှိရန်နှင့် ယင်လုံအိမ်သာများ ဆောက်လုပ်ထားရှိမှုများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်သိန်းထွန်း၊ အတွင်းရေးမှူး ဦးစန်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမြင့်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးကျော်သန့်ဇင်နှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းနှင့်အဖွဲ့ဝင်များက မေ ၁၁ရက် မွန်းလွဲပိုင်းက ကွင်းဆင်းကြည့်ရှု ဆောင်ရွက်ခဲ့ကြသည်။

(ယာပုံ) (၁၁၁)

တရားသူကြီးများသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် အဓိကတာဝန်ရှိ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းခိုင်မြဲအောင် ဆောင်ရွက်

* *ကျော်ဖုံးမှ*

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာ၌ မိမိအနေဖြင့် ယမန်နေ့တွင် ပြည်နယ်/တိုင်းအသီးသီးမှ အစည်းအဝေးတက်ရောက်လာကြသည့် ဥပဒေဝန်ထမ်းများကို နိုင်ငံတော်၏ ရည်မှန်းချက်၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်သုံးရပ်အပေါ် အခြေခံပြီး နိုင်ငံတော်ကို တည်ဆောက်နေရပုံ၊ နိုင်ငံတော်တည်ဆောက်ရေးတွင် ဥပဒေဝန်ထမ်းများ၏ အရေးပါမှုအခန်းကဏ္ဍ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ စောင့်စည်းထိန်းသိမ်းရမည့် ကိုယ်ကျင့်တရားအပိုင်းတို့နှင့် ပတ်သက်ပြီး လိုက်နာဆောင်ရွက်ဖွယ်ရာများကို ရှင်းလင်းပြောကြားပြီး ဖြစ်ကြောင်း။

တည့်မတ်ခိုင်မာရေး

ယနေ့တွင် တရားရေးဝန်ထမ်းများနှင့် ပတ်သက်ပြီး တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေး၊ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် တရားစီရင်ရေး၊ ပြည်သူတို့အပေါ် ထားရှိရမည့် သဘောထား၊ ဆောင်ရန်ရှောင်ရန်အချက်များနှင့် အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးတွင် အားထားရသည့် အဖွဲ့အစည်းတစ်ခုအဖြစ် မှတ်ကျောက်တင်နိုင်ရေးတို့နှင့် ပတ်သက်ပြီး ရှင်းလင်းမှာကြားသွားမည်ဖြစ်ကြောင်း။

တရားရုံးများသည် ပြည့်မျက်စိ၊ ပြည့်ကြေးမုံများဖြစ်သည်နှင့်အညီ ပြည်သူများ၏ ဘဝကို မှန်မှန်ကန်ကန် မြင်ရန်၊ စာနာရန်၊ ပြည်သူများ၏ ဘဝရုပ်သွင်ကို ပီပီပြင်ပြင် မြင်ရန်၊ ထင်ဟပ်နိုင်ရန်ဖြစ်ကြောင်း၊ ခေတ်သစ်စနစ်ကို အရှိန်အဟုန်ရှိရှိ ပြောင်းလဲနေချိန်တွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်း အစီအစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်နေချိန်ဖြစ်သည့်အတွက် တရားစီရင်ရေးစနစ်ကိုလည်း ပြည်သူများ အားကိုးယုံကြည်သော စနစ်ဖြစ်လာအောင် မိမိတို့ ပြုပြင်ထူထောင်သွားရမည် ဖြစ်ကြောင်း၊ အားနည်းချက် ချို့ယွင်းချက်များကို ယေဘုယျခြုံငုံပြီး စိစစ်လျှင် စနစ်၊ ကျင့်ဝတ်၊ လုပ်ထုံးလုပ်နည်းတို့၏ မပြည့်စုံ အားနည်းမှုကြောင့်မဟုတ်ဘဲ လူပုဂ္ဂိုလ်ဆိုင်ရာ အားနည်းချွတ်ယွင်းချက်များကြောင့်ဖြစ်သည်ကို တွေ့ရကြောင်း၊ သို့သော် အချို့သော အားနည်းချက်များသည် ပုဂ္ဂိုလ်တစ်ဦးချင်း၏ အကျင့်သိက္ခာနှင့်မဆိုင်ဘဲ လုပ်ငန်းဆိုင်ရာ မကျွမ်းကျင်မှု၊ မသေသပ်မှု၊ ပေါ့လျော့မှု၊ စည်းကမ်းမကျမှုမျိုးများ တွေ့ရခြင်းကြောင့် အဆင့်ဆင့်သော တရားသူကြီးများကို စနစ်တကျ သွန်သင်လေ့ကျင့် ပျိုးထောင်ပေးရန်လိုအပ်ကြောင်း၊ တရားရေးနှင့် နီးနွယ်ဆက်စပ်သည့် တာဝန်ရှိအဆင့်အားလုံးက ခေတ်ကို မျှော်ကြည့်ပြီး ဒီမိုကရေစီလူနေမှုဘဝနှင့် ကိုက်ညီသည့် အလေ့အထကောင်းသည့် တရားစီရင်ရေးစနစ်ကို ဝိုင်းဝန်းကြိုးပမ်း ထူထောင်ကြရန်ဖြစ်ကြောင်း၊ တရားရုံးများက ချမှတ်လိုက်သည့် စီရင်ဆုံးဖြတ်ချက်များသည် အဂတိလိုက်စားမှုကင်းရှင်းသော စီရင်ဆုံးဖြတ်ချက်များဖြစ်ရန်နှင့် မေတ္တာဖြင့်ယှဉ်သော သွန်သင်ဆုံးမမှု၊ ပညာပေးမှုမျိုးဖြစ်အောင် အမြဲဂရုပြုသင့်ကြောင်း။

ကူညီဆောင်ရွက်

ကြီးသည့်အမှု ငယ်စေ၊ ငယ်သည့်အမှု ပြေငြိမ်းစေဆိုသော အခြေခံမှုရှိသော်လည်း နိုင်ငံတော်နှင့် ပြည်သူကို ထိခိုက်စေသည့် ကြီးလေးသောပြစ်ဒဏ် ထိုက်သင့်သည့် ပြစ်မှုမျိုးကို နောင်ကြဉ်အောင် ထိရောက်သော ပြစ်ဒဏ်ပေးရမည်ဖြစ်ကြောင်း၊ တရားသူကြီးများသည် နိုင်ငံတော်တရားရုံးများကို ကိုယ်စားပြုသူများဖြစ်သည့်အတွက် သည်းခံခြင်း၊ ချိုသာခြင်း၊ မျှတခြင်း၊ ဒေါသကို သိမ်းဆည်းနိုင်ခြင်း၊ ဆင်ခြင်နိုင်အားရှိခြင်း၊ အမှန်တရားကို ဖော်ထုတ်နိုင်ခြင်းတို့နှင့် တရားရုံးဂုဏ်သိက္ခာကို အဖွဲ့အစည်းများ၏ ပူးပေါင်းကူညီစောင့်ရှောက်မှုကိုခံယူ၍ ဥပဒေအရာရှိများ၊ ရဲတပ်ဖွဲ့တို့နှင့်ပူးပေါင်းပြီး ပြည်သူများကို ဥပဒေနှင့်အညီ ကူညီဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးမှုကို ထိရောက်ခိုင်မြဲအောင် ထူထောင်သွားကြရန်နှင့် နိုင်ငံတော်၏ မူဝါဒနှင့်လုပ်ငန်းများကို နားလည်ခံယူပြီး နိုင်ငံတော်ကို ဝိုင်းဝန်းတည်ထောင်ရန်လိုအပ်ကြောင်းကို ပြောကြားလိုကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အား ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် ခေတ်မီနိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိသည်ကို အားလုံးသိရှိပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြည်သူများက တစ်ခဲနက်ထောက်ခံ အတည်ပြုပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ အနာဂတ်ကာလတွင် ဖြစ်ပေါ်လာမည့် နိုင်ငံတော်သစ်ကြီးနှင့် ဆီလျော်ထိုက်တန်သည့် နိုင်ငံရေး၊ တရားစီရင်ရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို စနစ်တကျ ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိကြောင်း။

အဓိကတာဝန်ရှိ

နိုင်ငံတော်ကြီး သာယာဝပြောပြီး တိုင်းရင်းသားပြည်သူများ ဖွံ့ဖြိုးမှုအသီးအပွင့်များကို လျင်လျင်မြန်မြန်ရရှိခံစားနိုင်ရေး ကြိုးပမ်းရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် မရှိမဖြစ် ကနဦး လိုအပ်ချက်များဖြစ်ကြောင်း၊ ထို့ကြောင့် တရားစီရင်ရေးအပိုင်းတွင် တာဝန်ယူနေကြသည့် တရားသူကြီးများအနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အဓိက တာဝန်ရှိသော ပုဂ္ဂိုလ်များဖြစ်ကြသည်ဆိုသည်ကို ခံယူထားကြရမည်ဖြစ်ကြောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းခိုင်မြဲအောင် ဆောင်ရွက်သည့်နေရာတွင် တရားရေးကဏ္ဍက တရားသူကြီးများအနေဖြင့် မှန်ကန်ခြင်း၊ တရားမျှတခြင်း၊ စာနာထောက်ထားခြင်းစသော လောကပါလတရားများကို လက်ကိုင်ထားပြီး တရားသူကြီးများ၏ သိက္ခာ၊ သမာဓိနှင့် ကျင့်ဝတ်များကို အစဉ်အမြဲစောင့်ထိန်းကာ တရားရေးမဏ္ဍိုင် မယိမ်းမယိုင်ရအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

တရားရုံးများသည် လူ့အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ၏ နစ်နာမှု၊ ဆုံးရှုံးမှုများကို ဖြေရှင်းကုသပေးရသည့် နေရာတစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို နှောင့်ယှက်ဖျက်ဆီးလိုခြင်း၊ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှုကို ပျက်ပြားစေခြင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေခြင်း စသည့် ဘေးအန္တရာယ်များကို တားဆီးကာကွယ်ပေးရန် တာဝန်ရှိကြောင်း၊ ယင်းကဲ့သို့ ပြစ်မှုမျိုး ဖောက်ဖျက်ကျူးလွန်သူများကို ပြစ်မှုနှင့်ပြစ်ဒဏ် ညီညွတ်စွာ စီရင်ဆုံးဖြတ်ကြရန်လိုကြောင်း၊ ထိုကဲ့သို့ ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်မှုလည်း တရားစီရင်ရေးဥပဒေတွင် ပြဋ္ဌာန်းပါရှိသည့် ပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်၍ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး တည်ဆောက်ရာတွင် အထောက်အကူဖြစ်စေခြင်း”ဆိုသော တရားစီရင်ရေးမူနှင့် ကိုက်ညီမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

တရားစီရင်ရေးမူတစ်ရပ်ဖြစ်သည့် “ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေး” ကိုလည်း တရားစီရင်ရေးလုပ်ငန်းတာဝန်ကို ဆောင်ရွက်နေကြရသည့် တရားသူကြီးများ အားလုံးက သိရှိ၊ လိုက်နာ၊ ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုမူအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အထက်အဆင့်မှ တာဝန်ရှိသူများက ဥပဒေနှင့်အညီ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ တရားစီရင်ရေးစနစ်သည် ရှေးပဝေသဏီကပင် တိကျခိုင်ခံ့ပြီး နည်းစနစ်ကျနစွာဖြင့် ဖွဲ့စည်းတည်ရှိ ကျင့်သုံးခဲ့ကြကြောင်း၊ မြန်မာဘုရင်တို့သည် တရားစီရင်ရေးအတွက် ဥပဒေ၊ ရာဇသတ်၊ ဓမ္မသတ်၊ ဖြတ်ထုံး၊ ဖြတ်ပုံ၊ အမိန့်တော်ပြန်တမ်းများ ထုတ်ပြန်ပေးလျက် နိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့တို့ကို မြို့နယ်၊ တိုက်နယ်များ ခွဲခြားသတ်မှတ်၍ မင်းမှုထမ်း၊ဓမ္မသတ်၊ရာဇသတ်၊လောကဝတ် အကြောင်းသုံးပါး ကျွမ်းကျင်သူတို့အား စနစ်တကျရွေးချယ်၍ တရားရုံးအဆင့်ဆင့် တရားသူကြီး၊ ခုံတော်ပညာရှိများကို ဘုရင့်ရုံးတော်က စာပလွေအပ်တံဆိပ်ခတ်၍ တရားသူကြီးများ ခန့်အပ်ဆောင်ရွက်စေခဲ့သည့် အစဉ်အလာရှိခဲ့ကြောင်း၊ ယနေ့ မျက်မှောက်ခေတ်တွင်လည်း တရားရုံးချုပ်က တရားရုံးအဆင့်ဆင့်၌ တရားသူကြီးများ၊ တရားရေးဝန်ထမ်းများ ခန့်အပ်လျက် ဥပဒေလုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ မှန်ကန်မြန်ဆန်စွာ စီရင်ဆုံးဖြတ်နိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း။

မှီခိုအားထားရာ

“တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံသာမက ထိုသို့အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည်”ဟူသော စီရင်ထုံး၊ ဆုံးဖြတ်ချက်နှင့်အညီ တရားရုံးများက ပြည်သူများ၏ တွေ့ကြုံရသည့် အခက်အခဲ၊ ပြဿနာများကို ပြည်သူများရှေ့မှောက်တွင် မှန်ကန်စွာစီရင်ဆုံးဖြတ်ပြီး အမှန်အတိုင်းဆုံးဖြတ်ကြောင်း အများသိရှိအောင် ဆောင်ရွက်ပေးမည်ဆိုပါက တရားရုံးများသည် ပြည်သူတို့၏ မှီခိုအားထားရာနေရာအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း။

တရားစီရင်ရေး၏ အဓိကရည်မှန်းချက်သည် ပြည်သူအချင်းချင်း ဆက်ဆံနေထိုင်ကြရာတွင် မျှတမှု၊ စည်းလုံးညီညွတ်မှုရှိစေရန်အတွက် စောင့်ထိန်းရန်ဖြစ်ကြောင်း၊ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်ကိုသာ အလေးပေး၍ တာဝန်ဘက်တွင် ပျက်ကွက်ခြင်းကို အားပေးရန် မဟုတ်ကြောင်း၊ ရပိုင်ခွင့်၊ လုပ်ပိုင်ခွင့်တို့ကို စောင့်ရှောက်ကာကွယ်ရန် ပြဋ္ဌာန်းပေးသည့် ဥပဒေကို အကာအကွယ်ယူ၍ မရထိုက်သော အခွင့်အရေးများကို မပေးကြရန်လည်း လိုအပ်မည်ဖြစ်ကြောင်း။

ကာကွယ်စောင့်ရှောက်

တရားရုံးများသည် တရားစီရင်ရေးအာဏာများကို ပြည်သူတို့၏ အကျိုးအတွက် သုံးစွဲရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တရားစီရင်ရေး ရည်မှန်းချက်များကို ထမြောက်အောင်မြင်နိုင်စေရန် အုပ်ချုပ်ရေးဆိုင်ရာ ပုဂ္ဂိုလ်များနှင့်အတူ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ကြရန်လည်း လိုအပ်ကြောင်း၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးကဏ္ဍများကို သီးခြားစီ ခွဲခြားဆောင်ရွက်ခြင်းမပြုဘဲ တက်ညီလက်ညီ အတူတကွ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်၍ ပြည်သူတို့၏အကျိုးကို ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း။

ပြစ်မှုဆိုင်ရာအမှုများ စစ်ဆေးစီရင်ကြရာတွင် အပြစ်ရှိသူကို ထိုက်သင့်သော ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်ပေးရမည်ဖြစ်သော်လည်း အပြစ်မရှိသူများကို ဥပဒေအရ ပေးအပ်ထားသော အခွင့်အရေးများရရှိစေရန် အထူးသတိပြုဖို့ လိုအပ်ကြောင်း။

မှန်မှန်နှင့်မြန်မြန်

တရားရုံးအချို့သည် အချုပ်တရားခံပါရှိသည့် အမှုများကို စစ်ဆေးစီရင်ရာတွင် ကြန့်ကြာနေကြောင်းကို သိရှိနေရကြောင်း၊ အမှုစစ်ဆေးသည့် တရားသူကြီးများအနေဖြင့် သက်ဆိုင်ရာ တရားစွဲ အဖွဲ့အစည်းများ၊ အကျဉ်းစခန်းတို့နှင့် ဆက်သွယ်ညှိနှိုင်း၍ မှန်မှန်နှင့် မြန်မြန် တရားစီရင်နိုင်ရန် ကြိုးစားဖို့လိုအပ်ကြောင်း၊ ကြန့်ကြာနေရသည့် အခက်အခဲများကို အကောင်းဆုံးနည်းလမ်းများဖြင့် အဖြေရှာ၍ တရားစီရင်ရေးစနစ် ကောင်းမွန်လာစေရန်၊ ကြိုးပမ်းရန်တာဝန်သည် တရားသူကြီးတိုင်း၏ တာဝန်အဖြစ် ခံယူ၊ မှတ်သား၊ လိုက်နာဆောင်ရွက်စေလိုကြောင်း။

ပြည်သူအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်းတို့အကြားတွင် ငွေပေး ငွေယူကိစ္စများနှင့်ပတ်သက်၍ အမှုအခင်းများ ဖြစ်ပွားမှုများရှိနေကြောင်းနှင့် တရားမကြောင်းအရ အရေးယူရမည့် အမှုများကို ပြစ်မှုကြောင်းအရ အရေးယူဆောင်ရွက်မှုများ ရှိနေကြောင်းကို တွေ့နေရကြောင်း၊ ပြစ်မှုကြောင်းအရ ပြစ်မှုကျူးလွန်ကြောင်း ပေါ်ပေါက်နေသည့် အမှုများကို တရားမမှုသာ စွဲဆိုရန်ဖြစ်သည်ဟု သုံးသပ်၍ ဆုံးဖြတ်နေခြင်းများလည်း ရှိနေကြောင်း၊ တရားရုံးများအနေဖြင့် ဖြစ်ပေါ်နေသည့် အမှုအခြေအနေကို သုံးသပ်၍ အမှုမှန်ဖော်ထုတ်ပြီး ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ကြရန် လိုမည်ဖြစ်ကြောင်း။

နိုင်ငံတော်အကျိုးရှေးရှု

ပြစ်မှုဆိုင်ရာအမှုများတွင် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသူတို့အား ပြစ်မှုနှင့် လျော်ညီစွာ ပြစ်ဒဏ်ချမှတ်ရန် တရားရုံးချုပ်က ညွှန်ကြားချက်များဖြင့် ညွှန်ကြားထားပြီးဖြစ်ကြောင်းကို သိရကြောင်း၊ သို့သော်လည်း အချို့သော တရားသူကြီးများသည် ပြစ်မှုနှင့် ပြစ်ဒဏ် မျှတမှုမရှိသော အမိန့်များချမှတ်နေမှုကြောင့် တိုင်စာ၊ ပစ်စာများရှိနေကြောင်းကို တွေ့ရကြောင်း၊ ထို့ကြောင့် တရားသူကြီးများအနေဖြင့် မိမိကိုယ်ကျိုးထက် နိုင်ငံတော်၏ အကျိုးကို ရှေးရှုပြီး တရားရုံးချုပ်မှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ အမိန့်များနှင့်အညီ ပြစ်မှုနှင့် ပြစ်ဒဏ် ညီညွတ်မျှတစွာ ချမှတ်ရန်လိုအပ်ကြောင်း။

တရားရုံးချုပ်က ပြစ်မှုနှင့် ပြစ်ဒဏ် ညီညွတ်မျှတခြင်းမရှိသော အမိန့်ချမှတ်သည့် တရားသူကြီးများကိုလည်း စိစစ်ပြီး ပညာပေးခြင်း၊ အရေးယူခြင်း၊ ပြစ်မှုနှင့်ပြစ်ဒဏ် မျှတခြင်းမရှိသည့် အမှုများကို တောင်းယူစိစစ်၍ ပြစ်မှုနှင့်လျော်ညီသော ပြစ်ဒဏ်ချမှတ်ပေးခြင်းများ ပြုလုပ်ပေးရန်လိုအပ်ကြောင်း။

တိုးမြှင့်သတ်မှတ်

တရားမ တရားစီရင်ရေးလုပ်ငန်းများ မြန်ဆန် သွက်လက်လာစေရေးအတွက် နိုင်ငံတော်မှ တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ကာလစည်းကမ်းသတ်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကို ထုတ်ပြန်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ တရားရုံးချုပ်ကလည်း တရားမတရားစီရင်ရေး မြန်ဆန်စေရေးအတွက် တရားမတရားစီရင်ပိုင်ခွင့်အာဏာများကို တရားရုံးအသီးသီးအား တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်းကို သိရကြောင်း၊ သို့သော်လည်း တရားရုံးအဆင့်ဆင့်တွင် တရားမမှုများသည် ကြန့်ကြာနေဆဲဖြစ်ကြောင်းကို တွေ့ရကြောင်း၊ ထို့ကြောင့် တရားမမှုခင်းများကို ဥပဒေနှင့်အညီ မှန်မှန်နှင့် မြန်မြန် စီရင်ဆုံးဖြတ်ပေးရန် အထူးမှာကြားလိုကြောင်း။

အချို့သော တရားမဇာရီမှုများကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် သက်ဆိုင်ရာ ဒေသဆိုင်ရာအာဏာပိုင်များထံမှ လုံခြုံရေးတောင်းခံရယူ၍ ဆောင်ရွက်ရသဖြင့် ကြန့်ကြာနေရကြောင်းကို သိရှိရကြောင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများထံကိုလည်း မလိုအပ်ပါက လုံခြုံရေးတောင်းခံမှု မပြုစေခြင်း၊ လိုအပ်သဖြင့် သက်ဆိုင်ရာတရားရုံးအသီးသီးမှ တင်ပြလာသည့် လုံခြုံရေးတောင်းခံမှုများကို အမြန်စိစစ်ပြီး ခွင့်ပြုခြင်း၊ လိုအပ်သည်များကို ပူးပေါင်းဆောင်ရွက်ခြင်းပြုလုပ်ရန် မှာကြားလိုကြောင်း၊ ဒေသဆိုင်ရာ အာဏာပိုင်များကလည်း လုံခြုံရေးအတွက် လိုအပ်သည့် အကူအညီပေးရန်ဖြစ်ကြောင်း။

မှန်မှန်ကန်ကန်ဆောင်ရွက်

မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများနှင့်ပတ်သက်၍ စွဲဆိုသော တရားမမှုများတွင် အရောင်းအဝယ် စာချုပ်စာတမ်းများ၊ မြေပုံများ၊ မြေငှားဂရန် စသည့် ပိုင်ဆိုင်မှုအထောက်အထားများကို တင်ပြရကြောင်း၊ ထို့ကြောင့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများနှင့် ပတ်သက်၍ တရားစွဲဆိုသည့်အမှုတွင် သက်ဆိုင်ရာဌာနများကလည်း တရားရုံးအသီးသီးနှင့် မှန်မှန်ကန်ကန် ပူးပေါင်းဆောင်ရွက်ပေးရန် မှာကြားလိုကြောင်း။

တရားသူကြီးများသည် ပြည်သူ့ဘဏ္ဍာလစာမှ ထိုက်သင့်သောလစာငွေများကို ရယူခံစား၍ တရားစီရင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် အမှုသည်များထံမှ တံစိုးလက်ဆောင်ပစ္စည်းများ လက်ခံ၍ တရားစီရင်ခြင်းမပြုလုပ်ရန် လိုအပ်ကြောင်း၊ တရားရုံးချုပ်မှလည်း လာဘ်ပေးလာဘ်ယူကင်းရှင်းရေး၊ အဂတိလိုက်စားမှု ပပျောက်ရေးတို့အတွက် ညွှန်ကြားချက်၊ အမှာစာ၊ အမိန့်များကို အကြိမ်ကြိမ်ထုတ်ဆင့်ခဲ့ပြီးဖြစ်ကြောင်း၊ တရားသူကြီးများအားလုံးသည် မနုကျယ်ဓမ္မသတ်၊ ဆင္ဌမတွဲ၊ အပိုဒ် ၁၃ ပါ “တရားသူကြီး မမည်ရာသူ ခုနစ်ယောက်” ဟူသည်ကား အမျိုးမြတ်သူကိုလိုက်၍ မနိုင်ဘဲ အနိုင်ပေးခြင်း၊ ငွေကြေးပဏ္ဏာတံစိုး အများပေး၍ ရှုံးမည့်သူကို အနိုင်စီရင်ခြင်း၊ အမျိုးသားချင်းဖြစ်သည်ဟု ရှုံးမည့်သူကို အနိုင်ပေးခြင်း၊ သေဘေး ပျက်ဘေးကိုကြောက်၍ ရှုံးမည့်သူကို အနိုင်ပေးခြင်း၊ ရန်သူဖြစ်သည်ဟု နိုင်အံ့သူကို အရှုံးပေးခြင်း၊ ဟုတ်သည်၊ မဟုတ်သည်ကို မဆင်ခြင်၍ စီရင်သောသူ၊ ဟုတ်သည်၊ မဟုတ်သည်ကို သိလျက် လောဘနိုင်ငံသို့ လိုက်၍ ရှုံးစေဟု အာဏာပေး၍ ခြိမ်းခြောက်စီရင်သည်တွင် မဟုတ်သည်ကို ပြီးစေတတ်သော တရားသူကြီးတို့ဖြစ်ကြောင်း အဆိုပါတရားသူကြီး ခုနစ်ဦးထဲ၌ မပါဝင်စေရန် သတိပြုရှောင်ရှားကြရန် မှာကြားလိုကြောင်း။

ခြယ်လှယ်ရန်ကြိုးစား

ပြစ်မှုဆိုင်ရာ တရားစီရင်ရာတွင် ဖြစ်စေ၊ တရားမမှု တရားစီရင်ရာတွင် ဖြစ်စေ အမှုသည်များ၊ ရှေ့နေများသည် မိမိတို့အမှု အနိုင်ရရှိရေးအတွက် တရားသူကြီးများထံ နည်းမျိုးစုံဖြင့် ချဉ်းကပ်ဆောင်ရွက်တတ်ကြောင်း၊ ငွေကြေးအခွင့်အရေး စသည့် လာဘ်လာဘများဖြင့် တရားသူကြီးများ၏ တရားစီရင်မှုကို ခြယ်လှယ်ရန် ကြိုးစားခဲ့ကြကြောင်း၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများ ပြုလုပ်သည့် တရားသူကြီးအချို့ကို ဥပဒေနှင့်အညီ ထိရောက်သောပြစ်ဒဏ်များ ချမှတ်ခဲ့ရခြင်းကြောင့် တရားသူကြီးများသည် အဂတိတရားကင်းရှင်းပြီး ကိုယ်ကျင့်သီလစင်ကြယ်သည့် ပုဂ္ဂိုလ်များဖြစ်ရေး ကြိုးစားကြရန်လိုကြောင်း။

နိုင်ငံတော်ကြီးအား ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နေရာတွင် တရားစီရင်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးနေရသည့် တရားသူကြီးအသီးသီးသည် နိုင်ငံရေးအသိစိတ်ဓာတ်ဖြင့် ပြည်သူတို့ လိုလားတောင့်တနေသည့် ပြည်သူ့အကျိုးပြု တရားစီရင်ရေးစနစ်ထွန်းကားအောင် ဆောင်ရွက်ပေးကြပါ၊ တရားသူကြီးများအားလုံးက အမြန်ဆုံး တရားစီရင်ခြင်းဖြင့် အမှန်ဆုံး တရားစီရင်ရေးကို အောင်မြင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးရန်နှင့် ပြည်သူပြည်သားတို့၏ အကျိုးစီးပွားကို ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ပေး၍ အဂတိမလိုက်စားဘဲ ဖြောင့်မတ်စွာ တရားစီရင်ကြရန်တို့ကို တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

(သတင်းစဉ်)

> “တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံသာမက ထိုသို့ အမှန်တရားကို စီရင်ကြောင်း အများမြင်စေရာသည်”ဟူသော စီရင်ထုံး၊ ဆုံးဖြတ်ချက်နှင့်အညီ တရားရုံးများက ပြည်သူများ၏ တွေ့ကြုံရသည့် အခက်အခဲ၊ ပြဿနာများကို ပြည်သူများ ရှေ့မှောက်တွင် မှန်ကန်စွာစီရင်ဆုံးဖြတ်ပြီး အမှန်အတိုင်း ဆုံးဖြတ်ကြောင်း အများသိရှိအောင် ဆောင်ရွက်ပေးမည်ဆိုပါက တရားရုံးများသည် ပြည်သူတို့၏ မှီခိုအားထားရာနေရာအဖြစ် ရပ်တည်နိုင်မည်။

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသစခန်းမှ အတ္တလန္တစ် လွန်းပြန်ယာဉ်အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်ကို မေ ၁၁ရက်ကတွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

အမေရိကန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းသွားခြင်းဖြင့် နိုင်ငံလုံခြုံရေးမထိခိုက်နိုင်ကြောင်း အီရတ်ဝန်ကြီးချုပ်ပြောကြား

ဘဂ္ဂဒက် မေ ၁၂

အီရတ်နိုင်ငံမြို့ကြီးများမှ အမေရိကန်တပ်ဖွဲ့ဝင်များရုပ်သိမ်းခြင်းဖြင့် အီရတ်နိုင်ငံ၏ လုံခြုံရေးကို ထိခိုက်မည်မဟုတ်ကြောင်း အီရတ်ဝန်ကြီးချုပ် အယ်မာလီကီက မေ ၁၀ ရက်တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော်သို့ ရုတ်တရက် ရောက်ရှိလာသည့် အမေရိကန် အောက်လွှတ်တော် ဥက္ကဋ္ဌ နန်စီပလိုစီနှင့် တွေ့ဆုံအပြီးတွင် အီရတ်ဝန်ကြီးချုပ် အယ်မာလီကီက အထက်ပါအတိုင်း ပြောကြားလိုက်သည်။

ကြိုးပမ်း

အီရတ်နိုင်ငံတွင် လုံခြုံရေးတိုးတက်လာသည့်အတွက် မြို့ကြီးများတွင် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ များစွာမလိုကြောင်း၊ တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ အီရတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်၊ အထူးသဖြင့် ရေနံလုပ်ငန်း နယ်ပယ်တွင် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ မိမိတို့ ကြိုးပမ်းလျက်ရှိကြောင်း ၄င်းက ထည့်သွင်းပြောကြားသည်။

အမ်အင်န်အေးဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ မန်နာဒိုမြို့တွင် အပြည်ပြည်ဆိုင်ရာ ရေထွက်ပစ္စည်းများနှင့် သိပ္ပံနှင့်နည်းပညာပြပွဲ၏ ပြခန်းတစ်နေရာကို မေ ၁၁ ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ဗြိတိန်နှင့်ဆော်ဒီတို့၏ အီရန်ဆိုင်ရာမူဝါဒ လွှတ်တော်အမတ် ဝေဖန်ပြောကြား

တီဟီရန် မေ ၁၂

အီရန်ဥပဒေပြု လွှတ်တော်အမတ်တစ်ဦးက ဗြိတိန်နှင့်ဆော်ဒီအာရေဗျနိုင်ငံတို့၏ လက်ရှိအီရန်ဆန့်ကျင်ရေး ရပ်တည်ချက်များကိုဝေဖန်ပြောကြားကြောင်း အိုင်အာရ်အင်န် အေသတင်းဌာနက မေ ၁၀ ရက်တွင် ပြောကြားသည်။

ဗြိတိန်အစိုးရ၏ အီရန်ဆိုင်ရာချူကလီးယားအစီအစဉ်အပေါ် ရပ်တည်ချက်နှင့် ဆော်ဒီအာရေဗျအစိုးရ၏ အီရန်ဘုရားဖူးများ လက်ဖွေပုံစံနှိပ်ရမည့် မလျော်ကန်သည့် အစီအစဉ်ကို အီရန်ပါလီမန် အမျိုးသားလုံခြုံရေးနှင့် နိုင်ငံခြားရေးမူဝါဒ ကော်မရှင်ဥက္ကဋ္ဌ ကာဇင်ဂျာလာလီက ဝေဖန်ပြောကြားသည်။

ယင်းကဲ့သို့သော စီစဉ်ဆောင်ရွက်မှုများကြောင့် အစ္စရေးက လှို့ဝှက်ကြံစည်နေသည့် အီရန်ကြောက်ရွံ့သည့် စီမံကိန်း ချောချောမောမောဖြစ်စေနိုင်သည်ဟု ၄င်းကပြောကြားသည်။

သတိပေးပြောကြား

အီရန်ပါလီမန်သည် ယင်းပြဿနာနှင့် ပတ်သက်ပြီး မဟာဗျူဟာမြောက်သည့် ဆုံးဖြတ်ချက်များကို သင့်တော်သည့်အချိန်တွင် ချမှတ်မည်ဟု ၄င်းက သတိပေးပြောကြားသည်။

ယင်းသို့သော တိုင်းပြည်များအနေဖြင့် အီရန်၏ အင်အားတောင့်တင်းသည့် အခြေအနေများကို ထည့်သွင်းစဉ်းစားသင့်သည်ဟု ၄င်းကဝေဖန် ပြောကြားသည်။

အမ်အင်န်အေးဆင်ဟွာ

ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ကာရာဒါဒေသတွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် အပျက်အစီးများကို မေ ၁၁ရက်က တွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ကန်တို့၏ လေကြောင်းတိုက်ခိုက်မှုရပ်ရန် ကာဇိုင်းတောင်းဆို

ကဘူးလ် မေ ၁၂

အာဖဂန်နစ္စတန်နိုင်ငံအတွင်း မကြာခဏအရပ်သားများ အသက်ဆုံးရှုံးရစေသည့် လေကြောင်းတိုက်ခိုက်မှုများကို အမေရိကန်အစိုးရက ရပ်ဆိုင်းစေမည် မဟုတ်ကြောင်း အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေးအရာရှိ ဗိုလ်ချုပ်ကြီး ဂျိမ်းဂျုံးက ပြောကြားသည်။

အမေရိကန် စစ်လေယာဉ်များက ဖာရာပြည်နယ် ဘာလာဘာလပ်ခရိုင် ကျေးရွာနှစ်ရွာအပေါ် ဗုံးကြဲသည့် မေ၅ရက်က ကလေးသူငယ်များနှင့် အမျိုးသမီးများ အပါအဝင် အရပ်သား ၁၅၀နီးပါး သေဆုံးသည်ဟုဆိုသည်။

ထပ်မံတောင်းဆို

ယင်းသို့ ဖြစ်ပွားပြီးနောက် အာဖဂန်နစ္စတန်နိုင်ငံအတွင်း လေကြောင်းတိုက်ခိုက်မှုများ ရပ်ဆိုင်းရန် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ထပ်မံတောင်းဆိုလိုက်သည်။ **(အင်တာနက်)**

ဒီယာလာပြည်နယ် စစ်ဆင်ရေး၌ စစ်သွေးကြွ ၃၀ကျော်သေဆုံး

ဘဂ္ဂဒက် မေ ၁၂

အီရတ်နိုင်ငံဒီယာလာပြည်နယ်အတွင်း ပြုလုပ်သော စစ်ဆင်ရေးတွင် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များက အစ္စလမ္မစ်စစ်သွေးကြွ ၃၀ကျော်ကို သတ်ဖြတ်ချေမှုန်းလိုက်ကြောင်း လုံခြုံရေး အရာရှိတစ်ဦးက မေ ၁၀ရက်တွင် ကြေညာသည်။

ဘဂ္ဂဒက်မြို့တော်အရှေ့မြောက်ဘက် ဒီယာလာပြည်နယ်အတွင်းတွင် စစ်ဆင်ရေးဆင်နွှဲခဲ့သည်မှာ ယခုအခါ ငါးရက်မြောက်ပြီဖြစ်ကြောင်း စစ်ဆင်ရေး၏ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီးဆလမ်အာမက်က ပြောကြားသည်။

ယင်းနေ့ တစ်နေ့တည်းမှာပင် စစ်သွေးကြွ ၃၁ဦးကို ချေမှုန်းသတ်ဖြတ်လိုက်ကြောင်း ဗိုလ်မှူးကြီး ဆလမ်အာမက်က ပြောကြားသည်။ **အမ်အင်န်အေရိုက်တာ**

ဘော်စတွန်မြို့၌ ဓာတ်ရထားချင်းတိုက်မိ လူ ၅၀ခန့်ဒဏ်ရာရရှိ

ဝါရှင်တန် မေ ၁၂

မက်ဆာချူးဆက်ပြည်နယ် အရှေ့မြောက်ပိုင်းဒေသရှိ ဘော်စတွန်မြို့လယ်၌ ဓာတ်ရထားတစ်စင်းက အခြားဓာတ်ရထားတစ်စင်းကို တိုက်မိခဲ့ရာ လူ ၅၀ခန့် ဒဏ်ရာရရှိကြောင်း မေ၈ရက်ညက မီဒီယာသတင်းများအရ သိရသည်။

ယာဉ်တိုက်မှုတွင် သေဆုံးသူမရှိဟု စီအင်န်အင်န်သတင်းဌာနက ကြေညာသည်။ ဒဏ်ရာအပြင်းအထန် ရရှိသူအများစုမှာ ဆေးရုံအရောက်တွင် စိုးရိမ်ဖွယ်မရှိဟု သတင်းများတွင် ဖော်ပြသည်။

အမ်အင်န်အေးဆင်ဟွာ

မက္ကဆီကို၌ $A/ H_1 N_1$ တုပ်ကွေးကြောင့် သေဆုံးသူ ၅၆ဦးရှိ သတိပေးအဆင့်-၅၌သာ ဆက်လက်ထားမည်ဟုဆို

မက္ကဆီကိုစီးတီး မေ ၁၂

မက္ကဆီကိုနိုင်ငံ၌ $A/ H_1 N_1$ တုပ်ကွေးရောဂါဖြင့် သေဆုံးသူဦးရေမှာ ၅၆ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက မေ ၁၁ ရက်တွင် ကြေညာသည်။

မက္ကဆီကိုနိုင်ငံ၌ ပြည်နယ်ပေါင်း ၃၂ ပြည်နယ်ရှိသည့်အနက် ပြည်နယ်သုံးခုမှအပ ကျန်ပြည်နယ်အားလုံးသို့ $A/ H_1 N_1$ တုပ်ကွေးရောဂါ ပျံ့နှံ့ကူးစက်သွားပြီဖြစ် ပြီး ရောဂါဖြစ်ပွားသူဦးရေမှာလည်း ၂၀၅၉ ဦးရှိသည်ဟု သိရသည်။

ဂျီနီဗာမှလာသော သတင်းတစ်ရပ်တွင် ယခုဖြစ်ပွားနေသည့် $A/H_1 N_1$ ဗိုင်းရပ်စ်ပိုးသည် စတင်ပေါ်ပေါက်ရာ မြောက်အမေရိကတိုက်ပြင်ပသို့ လူလူချင်းကူးစက်သွားလောက်သည့် လက္ခဏာမပြသကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို) လက်ထောက်ညွှန်ကြားရေးမှူးချုပ် ကေဂျီဖူဘူဒါက မေ ၁၁ရက်၌ ပြောကြားလိုက်သည်။

ရောဂါကူးစက်မှု အခြေအနေကို ယတိပြတ်သုံးသပ်ပြောဆိုရန် အချိန်စောလွန်းသေးကြောင်း၊ မိမိတို့အနေဖြင့် အများပြည်သူသို့ သတိပေးချက်ကို အဆင့်-၅၌သာ ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ကေဂျီဖူဘူဒါက ပြောကြားသည်။ အမ်အင်န်အေ၊ ရိုက်တာ

အမေရိကန်တွင် အလုပ်လက်မဲ့ ၅၃၉၀၀၀ရှိနေ

ဝါရှင်တန် မေ ၁၂

အမေရိကန်စီးပွားရေး ကျဆင်းမှုကြောင့် ဧပြီလအတွင်းတွင် အလုပ်လက်မဲ့ ဦးရေ ၅၃၉၀၀၀ရှိကြောင်း အမေရိကန်အစိုးရအစီရင်ခံစာ၌ ဖော်ပြပါရှိသည်။

ဖော်ပြ

ထို့ကြောင့် အလုပ်လက်မဲ့နှုန်းမှာ ဧပြီတွင် ၈ ဒသမ၉ရာခိုင်နှုန်း အထိရှိကာ နှစ်ပေါင်း ၂၅နှစ်မှ ၃၀အတွင်း အမေရိကန်နိုင်ငံမှ အလုပ်လက်မဲ့ ဦးရေအများဆုံးဖြစ်ကြောင်း အစီရင်ခံစာ၌ ဖော်ပြပါရှိသည်။

(အင်တာနက်)

ပါကစ္စတန်နိုင်ငံ ပက်ရှဝါမြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသွားသူတစ်ဦး ဆေးဝါးကုသမှုခံယူနေရသည်ကို မေ၁၁ရက်ကတွေ့ရစဉ်။
(အင်တာနက်ဓာတ်ပုံ)

ပါကစ္စတန်၌ စစ်ဘက်က ထိုးစစ်ဆင် စစ်သွေးကြွ ၇၀၀ခန့် သေဆုံး

အစ္စလမ္မာဘတ် မေ ၁၂

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းဒေသတွင် စစ်ဘက်က ထိုးစစ်ဆင်နွှဲခဲ့သဖြင့် စစ်သွေးကြွ ၇၀၀အထိ သေဆုံးခဲ့ကြောင်း ပါကစ္စတန်ပြည်ထဲရေးဝန်ကြီး ရီမန်မာလစ်က မေ ၁၁ရက်တွင် ပြောကြားသည်။

ပြောကြား

ယင်းထိုးစစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင် ၂၀သေဆုံးပြီး တာလီဘန်စစ်သွေးကြွများအား ဆက်လက်၍ အမြစ်ပြတ်ချေမှုန်းမည်ဟု မာလစ်က သတင်းထောက်များသို့ ပြောကြားသည်။

ဦးစားပေး

ဆွတ်တောင်ကြားတွင် ထိုးစစ်ဆင်နွှဲမှုကြောင့် နေရာပြောင်းရွှေ့လာကြသူများအား နိုင်ငံတကာမိသားစုက အကူအညီပေးရန် မာလစ်က ပန်ကြားသည်။ ထိုစစ်ကြောင့် ၂၉၆၀၀၀ နေရာပြောင်းရွှေ့ခဲ့ရပြီး ၄င်းတို့အား ပြန်လည်ထူထောင်ရေးကိစ္စသည် ဦးစားပေးလုပ်ငန်းဖြစ်သည်ဟု ၄င်းက ပြောကြားသည်။ **အမ်အင်န်အေးဆင်ဟွာ**

နှစ်ရှည်သီးနှံပင် စိုက်ခင်း ကြည့်ရှုစစ်ဆေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော် အေပက်ဝေါလ်ကုမ္ပဏီလီမိတက်၏ နှစ်ရှည်သီးနှံပင်များ စိုက်ခင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နယ်မြေဒေသ အေးချမ်းသာယာရေးအတွက် ဝန်ထမ်းများသာမက ပြည်သူတစ်ရပ်လုံးကပါ ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်

ကုန်သွယ်ရေးဇုန်ရှိ ဆောက်လုပ်နေသော ကုန်လှောင်ရုံများ၊ ဆိုင်ခန်းများ လျာထားချက်အတိုင်း အချိန်မီပြီးစီးအောင်ဆောင်ရွက်

နေပြည်တော် မေ ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မေ၉ရက် နံနက်ပိုင်းက မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်းနှင့် တာဝန်ရှိသူများနှင့်အတူ မော်လမြိုင်-ဘားအံ- အိန္ဒူ-ကော့ကရိတ်-မြဝတီလမ်းအတိုင်း မော်တော်ယာဉ်များဖြင့်ထွက်ခွာပြီး မြဝတီခရိုင် မြဝတီမြို့ သောင်ရင်းခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌက ခရိုင်နှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ဒေသဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဥက္ကဋ္ဌ ဒုတိယတိုင်းမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က နယ်မြေဒေသအေးချမ်းသာယာရေးအတွက် ဝန်ထမ်းများသာမက ပြည်သူလူထုတစ်ရပ်လုံးကပါ ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရန်နှင့် လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မြန်မာ-ထိုင်းနှစ်နိုင်ငံ ချစ်ကြည်ရေးတံတားသို့ ရောက်ရှိပြီး စစ်ဆေးရေးဂိတ်၌ တာဝန်ကျဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် မြဝတီမြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိစစ်ဆေးပြီး လူနာများအား အားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ဆေးပဒေသာပင်အတွက် ထောက်ပံ့ငွေကို ဆေးရုံအုပ်ကြီးထံပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်သည် အေပက်ဝေါလ်ကုမ္ပဏီလီမိတက်၏ နှစ်ရှည်သီးနှံပင်များ စိုက်ခင်းသို့ရောက်ရှိပြီး စိုက်ခင်းသို့ရောက်ရှိပြီး စိန်တစ်လုံးသစ်ရက်နှင့် ပျားလိမ္မော်ပင်များ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မြဝတီကုန်သွယ်ရေးဇုန်သွင်းကုန်စစ်ဆေးရေးစခန်းသို့ ရောက်ရှိရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ကုန်သွယ်ရေးဇုန်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်က ကုန်သွယ်ရေးဇုန်ရှိ ဆောက်လုပ်နေသော ကုန်လှောင်ရုံများ၊ ဆိုင်ခန်းများကို လျာထားချက်အတိုင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်နှင့် အဖွဲ့ဝင်များသည် ဇာသပြင်-ကျုံဖဲ-ကျားကလေးလမ်းကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာလာရာ မော်လမြိုင်မြို့သို့ ရောက်ရှိသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ အမ်းမြို့ မွှားကျေးရွာအုပ်စုရှိ ပဒဲကြောကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ကျင်းပသော ပြည်သူလူထုနှင့် တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပေါင်မြို့နယ် ဖလပ်ကျေးရွာ ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးစနစ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၂

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် ဧပြီ ၂၆ရက်က ပေါင်မြို့နယ် ဖလပ်ကျေးရွာ တောင်သူဦးသန်းမြင့်၏ ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးစနစ် ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဖြူဘကျေးရွာအနီး ကဝိုက်ရေလှောင်တမံ ရေနုတ်မြောင်းမကြီး တူးဖော်ရေးစီမံကိန်းကိုလည်းကောင်း၊ သထုံမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်-မြိတ်လမ်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဘီးလင်းမြို့နယ် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တိုင်းမှူးသည် ဧပြီ ၂၇ရက်တွင် အမှတ်(၂)ခရိုင်ချင်းဆက်လမ်းရှိ သဲဖြူချောင်းတံတား ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး တံတားကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

တိုက်နယ်ဆေးရုံ

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကဒတ်ချောင်းတံတား တည်ဆောက်ပြီးစီးမှု၊ ဝီယော်-ကြာပန်းလမ်း လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ သဲအိမ်ကျေးရွာ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်ပြီးစီးမှု၊ ဆင်ရွာကျေးရွာအနီး သံကူကွန်ကရစ် တံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အမှာစကား

မွန်ပြည်နယ် သဘာဝဘေးတားဆီးကာကွယ်ရေးဆိုင်ရာ ပညာပေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၉ရက်တွင် မော်လမြိုင်မြို့ ပြည်နယ်ဆေးရုံကြီး အစည်းအဝေး ခန်းမ၌ကျင်းပရာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဗဟိုအတွင်းရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မွန်ပြည်နယ် ၂၀၀၉-၂၀၁၀ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ စီမံကိန်းတာဝန်များကို ခရိုင်ဥက္ကဋ္ဌများထံ ပေးအပ်သည်။

တိုင်းမှူးသည် ဧပြီ ၃၀ရက်တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားကာ ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များကို ချီးမြှင့်ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးသည် လမ်း၊ တံတားလုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ လိုအပ်သည်များ မှာကြားပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ အမ်းမြို့နယ် ပဒဲကြောကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် မေ ၁၂

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့သည် မေ ၁၀ရက်က အမ်းမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ မွှားကျေးရွာအုပ်စုရှိ ပဒဲကြောကျေးရွာသို့ ရောက်ရှိကြပြီး ပဒဲကြောကျေးရွာ အခြေခံပညာမူလတန်း(လွန်)ကျောင်း၌ ကျင်းပသော ပြည်သူလူထုနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

တင်ပြ

အစီအစဉ်အရ ပဒဲကြောကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းမောင်က မွှားကျေးရွာအုပ်စုတွင် ပဒဲကြောကျေးရွာအပါအဝင် ကျေးရွာကိုးရွာဖြင့် ဖွဲ့စည်းထားရှိမှု အခြေအနေ၊ မိုးစပါးနှင့် ဆောင်းသီးနှံ စိုက်ပျိုးနိုင်မှု၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေးအတွက် သောက်ရေကန် တူးဖော်ရရှိမှု၊ ပဒဲကြောကျေးရွာ မူလတန်း(လွန်)ကျောင်းအား အလက(ခွဲ)အဆင့် တိုးမြှင့်ပေးနိုင်မှု အခြေအနေ၊ ကျေးရွာစာကြည့်တိုက် ဆောက်လုပ်မှုအခြေအနေတို့ကို တင်ပြသည်။

အမှာစကားပြော

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကားပြောကြားကြပြီး LED မီးအိမ် ၃၀၀နှင့် ဓီဝဘက်ထရီ ၃၀၀၊ အဝတ်အထည်များ၊ ကျောင်းသုံးဗလာစာအုပ်များ၊ ဂျာနယ်စာစောင်များ၊ ဆေးဝါးပစ္စည်းများ၊ ကျေးရွာစာကြည့်တိုက်အတွက် သွပ်အချပ် ၅၀နှင့် ကျေးလက်ဆေးပေးခန်းအတွက် သွပ်အချပ် ၅၀ တို့ကို ပေးအပ်ပြီး ကျေးရွာနေအိမ်များ မီးလင်းရေးအတွက် စွန့်ပစ်ပစ္စည်းများ အသုံးပြု၍ ဓီဝဘက်ထရီပြုလုပ် မီးထွန်းနိုင်မှု အခြေအနေများကို ရှင်းလင်းပြသကြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ကျေးရွာပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ပဒဲကြောကျေးရွာအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြင်းခြံ၌ ဘိုင်အိုဘက်ထရီပြုလုပ်နည်း သရုပ်ပြရှင်းလင်း

မြင်းခြံ မေ ၁၂

မြင်းခြံခရိုင်အတွင်းရှိ ကျေးရွာတိုင်းမီးလင်းရေးအတွက် ဘိုင်အိုဘက်ထရီပြုလုပ်နည်း သရုပ်ပြရှင်းလင်းပွဲကို ဧပြီ ၁၀ရက်က မြင်းခြံမြို့ အထက(၁)ရှိ သံတဲ ရှင်းလင်းဆောင်၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးလှမိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်အတွင်းရှိ ငါးမြို့နယ်မှ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများ တက်ရောက်၍ မြင်းခြံမြို့ အစိုးရနည်းပညာကောလိပ် ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာကျော်စိုးလွင်က ဘိုင်အိုဘက်ထရီပြုလုပ်ပုံနည်းများကို အသေးစိတ် ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။ (၀၈၇)

ရွှေကူမြို့နယ်၌ ကျွန်းနှင့်သစ်မာ စိုက်ပျိုးရေး ပညာပေးဆွေးနွေး

ရွှေကူ မေ ၁၂

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက ကျေးလက်အိမ်ရာ ထူထောင်ရေး၊ ကျေးရွာပိုင် စိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်း တစ်အိမ်ထောင်ကျွန်းသုံးပင်နှင့် သစ်မာပင် ၂၀ စိုက်ပျိုးခြင်းနှင့် တစ်ရွာလျှင် သစ်မာယူကလစ်တစ်ဧက စိုက်ပျိုးရေး ပညာပေး ဟောပြောပွဲအခမ်းအနားကို မေ ၁ရက်က ရွှေကူမြို့နယ် ငါးဘတ်ကြီးကျေးရွာအုပ်စုရုံး၌ ကျင်းပရာ ရွှေကူမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနှင်းအောင်ဆန်းက စိုက်ပျိုးရသည့်ရည်ရွယ်ချက်နှင့် စိုက်ပျိုးခြင်းနည်းစနစ်များကို အကျယ်တဝင့် ပညာပေး ရှင်းလင်းပြောကြားသည်။ (မြို့နယ် ပြန်/ဆက်)

အင်းရေပြင် သန့်ရှင်းသာယာလှပရေး ရေမှော်ဆယ်ယူ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် အင်းလေးကန်တစ်လျှောက် သောင်တူးစက်များ အသုံးပြု၍ သဲနုန်းများ တူးဖော်နေမှုနှင့် အင်းရေပြင် သန့်ရှင်းသာယာလှပရေးအတွက် ရေမှော်ဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တောင်ကြီးမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် မေ ၁၀ရက် နံနက်ပိုင်းက အေးသာယာစက်မှုဇုန် စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူးက သံရည်ကျိုစက်ရုံ စီမံကိန်းအတွက် ကုန်ကြမ်းစုဆောင်းမှုနှင့် ထုတ်လုပ်မှုအခြေအနေများ၊ အေးသာယာစက်မှုဇုန်မှ ထုတ်လုပ်ပေးမည့်လျှပ်စစ်ထားစက်ပစ္စည်းများ အခြေအနေ၊ သံရည်ကျိုစက်ရုံ တိုးချဲ့ဆောင်ရွက်သွားမည့်အခြေအနေ၊ မော်တော်ယာဉ်နှင့် လယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က စက်မှုဇုန်များအနေဖြင့် မိမိတို့ စက်မှုဇုန်၏ ရည်မှန်းချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် နေကြာပွင့်ဓာတ်စုံမြေသြဇာလုပ်ငန်း၏ မြေသြဇာထုတ်လုပ်မှု အခြေအနေများကိုလည်းကောင်း၊ ငွေတောင်ဆီကြိတ်စက်ရုံမှ မြေပဲဆီနှင့် နှမ်းဆီများ ကြိတ်ခွဲထုတ်လုပ်မှု အခြေအနေများကိုလည်းကောင်း၊ စက်ပစ္စည်း အစိတ်အပိုင်းများ ထုတ်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညောင်ရွှေမြို့နယ် တိလောကျေးရွာ မွေးမြူရေးဇုန် ဖော်ထုတ်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက မြေလွတ်မြေရိုင်းများ၌ မွေးမြူရေးဇုန် ဖော်ထုတ်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်အား ညောင်ရွှေမြို့ ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးက အင်းလေးကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေ၊ အင်းလေးကန်နှင့် မိုင် (၂၀)ဝန်းကျင် စိမ်းလန်းစိုပြည်ရေး သစ်တော၊ ရေ၊ မြေ၊ သားငှက်တိရစ္ဆာန် ကာကွယ်ထိန်းသိမ်းရေး စီမံကိန်းလုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရေမှော်ဆယ်ယူ

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် အင်းလေးကန်တစ်လျှောက် သောင်တူးစက်များ အသုံးပြု၍ သဲနုန်းများ တူးဖော်နေမှုနှင့် အင်းရေပြင် သန့်ရှင်းသာယာလှပရေးအတွက် ရေမှော်ဆယ်စက်များ အသုံးပြု၍ ရေမှော်ဆယ်ယူခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

နမူနာပြပုံစံ

ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ညနေပိုင်းတွင် တိလောကျေးရွာ တောင်သူဦးအိုက်ဆမ်၏ ပေါင်းစည်းလယ်ယာစိုက်ပျိုးရေးခြံ၌ စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်း များ သဘာဝစွန့်ပစ်ပစ္စည်းသုံး စွမ်းအင်ထုတ် ဓာတ်ပေါင်းဖိုနှင့် စွန့်ပစ်ပစ္စည်းကို အသုံးပြု၍ တစ်အိမ်ထောင်သုံးစနစ် ဇီဝဓာတ်ငွေ့ထုတ် နမူနာပြပုံစံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဟုမ္မလင်း၌ ရွေးဦးသူနာပြု အခြေခံသင်တန်းဆင်း

ရန်ကုန် မေ ၁၂

စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် ကြက်ခြေနီအသင်းက ဖွင့်လှစ်သော ကြက်ခြေနီရှေးဦးသူနာပြုစုခြင်း အခြေခံသင်တန်းအမှတ်စဉ်(၂/၂၀၀၉) ဆင်းပွဲအခမ်းအနားကို ဧပြီ ၂၆ရက် ညနေ ၃နာရီက ဖယ်ရွာအုပ်စု ပင်ခုတ်ကျေးရွာ မူလတန်းကျောင်း၌ကျင်းပရာ မြို့နယ်ခေတ္တဥက္ကဋ္ဌ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ညွှန့်ဇော် တက်ရောက်အမှာစကား ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

အခမ်းအနားတွင် သင်တန်းမှူး မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဒုတိယတပ်ရင်းမှူး ဦးတင်မောင်ဦးက သင်တန်းသုံးသပ်ချက်ကို ဆွေးနွေးတင်ပြပြီး အုပ်စုဥက္ကဋ္ဌ ဦးကျော်ကောင်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဆုများပေးအပ်

ထို့နောက် မြို့နယ်ခေတ္တဥက္ကဋ္ဌက ရန်ပုံငွေကျပ် သုံးသောင်းကိုလည်းကောင်း၊ တာဝန်ရှိသူများက ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများကို ဆုများပေးအပ်ကြသည်။ အခမ်းအနားသို့ မြို့နယ်ခေတ္တဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာနေပြည်သူများနှင့် သင်တန်းသား ၈၃ဦး တက်ရောက်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အူတူတူ အတတနှင့် ကျပ်မပြည့်သူတို့ ပါဝင်သော ကဝေပျို၏ ပစ္စုပ္ပန် ဟာသဇာတ်ကားရုံဝင်လာ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် မေ ၁၂

အကြည်တော်၏ ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာဇော်မြင့်ဦးရိုက်ကူးထားသည့် ကဝေပျို၏ပစ္စုပ္ပန်ဟာသဇာတ်ကားမှာ ယခုသောကြာပတ်တွင် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများ၌ ရုံဝင်လာသည်။

ဇာတ်လမ်းမှာ စောကြည်ဖြူက အူတူတူအတတ၊ သူလုပ်သမျှ အလွဲလွဲအချော်ချော် ချည်းဖြစ်သည်။ မြင့်စန်းရီနှင့် စတွေ့ပြီး ချစ်ခွင့်တောင်းရာက စလွဲလိုက်သည်မှာ မင်္ဂလာဆောင်သည်အထိ အလွဲလွဲအချော်ချော်မို့ မင်္ဂလာပွဲပါ ပျက်ရသည်။ မင်္ဂလာပွဲ ပျက်သည်နှင့် မြင့်စန်းရီကို သူ့အဖေက နယ်ပို့လိုက်သည်။ ရန်ကုန်မှာ အဆင်မပြေ၍ မြင့်စန်းရီရှိရာ နယ်အထိလိုက်သွားသော စောကြည်ဖြူမှာ ကျပ်မပြည့်သူ ကြာဖြူဆိုသော မိန်းကလေးနှင့်တိုးမှ ပိုဆိုးတော့သည်။ ဇာတ်လမ်း စကတည်းက လွဲလိုက်သည်မှာ ဇာတ်လမ်း ဆုံးသည်အထိ လွဲလို့ကောင်းတုန်း။ ခေါင်းတုံးတုံးပြီး ဘုန်းကြီးဝတ်ခါနီးအထိ လွဲချင်တော့ ဆံပင်တစ်ဝက်ခေါင်းတုံးတစ်ဝက်နှင့် လွဲချက်ကနာသည်။ လွဲပဲလွဲနိုင်လွန်းတယ် စောကြည်ဖြူ ရယ်ဟုသာ ဆိုလိုက်ချင်ပါတော့သည်။

The International ဇာတ်ကားမှ အက်ရှင်တစ်ကွက်။

ကျပ်မပြည့်သူနှင့် အူတူတူ ဇာတ်ကောင်စရိုက်မှာ ပီပြင်မှုအားနည်းလှသည်။ ပရိသတ်ကို ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင် ဖြစ်စေလိုလျှင်လည်း သဘာဝကျသော ဟာသများဖန်တီးသင့်သည်။ သဘာဝမကျသောဟာသဖြင့် ပရိသတ်ကိုဆွဲဆောင်၍ ရမည်မထင်ပါ။ ယနေ့ဒါရိုက်တာ အတော်များများမှာ ပရိသတ်အကြိုက် လိုက်ရိုက်နေရသည်။ ဒါရိုက်တာကြိုက်သောဇာတ်ကို ပရိသတ်ကြိုက်အောင် အားမထုတ်ကြတော့ပြီလော။ မြန်မာဟာသဇာတ်ကားဖြင့် နိုင်ငံတကာသို့ ထိုးဖောက်၍ ရမည်မထင်ပါ။ ၂၀၀၅ခုနှစ်က နိုင်ငံတကာသို့ သွားရောက်ပြသသောဇာတ်ကားများမှာ မြန်မာ့မျိုးချစ်စိတ်ဓာတ်မြင့်မားရေးနှင့် ထက်သန်သော မြန်မာ့ဇာတိမာန်ကို ဖော်ကျူးသော၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထင်ဟပ်စေသော **ပေးဆပ်သူတို့ နှလုံးသား၊ တစ်ခါက ဧရာဝတီညများ၊ ကျန်စစ်မင်း၊ လှို့ဝှက်သောနှင်း၊ ချစ်ခြင်းငယ်ပြိုင်၊ သကြိန်မိုး** စသည့်ဒရမ်မာဇာတ်ကားများသာဖြစ်သည်။ မြန်မာ့ရုပ်ရှင်ပရိသတ်၏ အသည်းနှလုံးကို သိမ်းကျုံးဆွဲငင်နိုင်သော ကိုရီးယား ဇာတ်လမ်းများ၊ အိန္ဒိယဇာတ်လမ်းများလည်း ဟာသသက်သက်ဇာတ်လမ်းများမဟုတ်။ ဇာတ်လမ်းဇာတ်အိမ် ခိုင်ခိုင်ခံ့ခံ့ လှည့်ကွက်မြူပ်ကွက် ပိပိရိရိဖြင့် ရိုက်ကူးနိုင်သောကြောင့်သာ နိုင်ငံတကာသို့ ထိုးဖောက်နိုင်ခြင်းဖြစ်သည်။ သူတို့ဇာတ်လမ်းများတွင် ခေတ်နှင့်အညီလူငယ်တို့၏ တီထွင်မှု၊ ဆန်းသစ်မှု၊ ကြိုးစားမှုအားမာန်တို့ကို ပီပြင်အောင် ဖော်ကျူးထားသည်။ သူတို့လို ရိုက်နိုင်လျှင် ပရိသတ်ကြိုက်မည်သာဖြစ်သည်။

ဒါရိုက်တာ အကယ်ဒမီမောင်တင်ဦး ရိုက်ကူးသည့် **သကြိန်မိုး**ဇာတ်ကားဆိုလျှင် မြန်မာ့ရိုးရာ သင်္ကြန်မှတ်တမ်းတင်ကား ဖြစ်သည်။ မြန်မာ့ရိုးရာသင်္ကြန်ကို ဇာတ်လမ်းဆင်ပြီး ရသမြောက်အောင်ရိုက်ကူးနိုင်သောကြောင့် မြန်မာ့ရုပ်ရှင်သမိုင်းတွင် မှတ်တိုင်တစ်တိုင်အဖြစ် စိုက်ထူနိုင်သည်ဟုဆိုလျှင် မမှားပါ။ ဟာသမြောက်ရုံလောက်နှင့်တော့ မြန်မာ့ ရုပ်ရှင်သမိုင်းမှာ မှတ်တိုင်စိုက်နိုင်မည် မဟုတ်ပါ။ မြန်မာ့ရုပ်ရှင်သမိုင်းမှာ မှတ်တိုင်စိုက်နိုင်ပြီး နိုင်ငံတကာသို့ပါ ထိုးဖောက်နိုင်သော ဇာတ်လမ်းများများ ရိုက်နိုင်မည်ဆိုပါက အချိန်ကုန်၊ ငွေကုန်၊ လူပန်းရကျိုးနပ်မည်ဖြစ်ပါကြောင်း။

ကဝေပျို၏ ပစ္စုပ္ပန် ဇာတ်ကားမှ ခန့်စည်သူနှင့် ခိုင်သင်းကြည်။

ပြဆဲဇာတ်ကားများ

ရွှေဆောင်၊ နဝဒေးနှင့် မဟာမြိုင်ရုံများတွင် **ကြိုးတန်း**ဇာတ်ကားပြသနေဆဲဖြစ်ပြီး နေပြည်တော်ရုံတွင် **The International** ဇာတ်ကားပြသလျက်ရှိသည်။

အိန္ဒိယဇာတ်ကားများ

မြို့မရုံတွင် အက်ရှင်မင်းသား ဘော်ဘီဒိုးလ်နှင့် မင်းသမီးဘီပါရှားဘာစူးတို့ ပါဝင်ထားသော **Chor Machaaye Shor** ဇာတ်ကားပြသနေပြီး ဘုရင်ရုံတွင် မင်းသား ဆဲလ်မန်းခန်းနှင့် မင်းသမီး ပရီးတီးဇင်တာတို့ အဓိကပါဝင်ထားသော **Chort Chort Chupke Chupke** ဇာတ်ကား ပြသနေသည်။ ။

(မြန်မာ့အလင်း)

မြစ်ငယ်မြို့မရပ်ကွက်၌ သက်ကြီးပူဇော်

မန္တလေး မေ ၁၂

မန္တလေးတိုင်း အမရပူရမြို့နယ် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)က ကြီးမှူး၍ မြစ်ငယ်မြို့မ ရပ်ကွက်များအတွင်းရှိ အသက် (၇၅)နှစ်နှင့်အထက် အဘိုး၊ အဘွား ၁၈၁ဦးတို့အား (၁၆)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ရက် နံနက် ၈နာရီက မြစ်ငယ်ဇေတဝန်ဓမ္မာရုံ၌ ကျင်းပရာ တာဝန်ရှိသူများတက်ရောက်၍ အဘိုး၊ အဘွားတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းစီဖြင့် တစ်ဦးချင်းအလိုက် ပူဇော်ကန်တော့ကြသည်။ (၀၈၀)

လူထုအခြေပြု ဘေးဒုက္ခစီမံခန့်ခွဲရေး ဆင့်ပွားသင်တန်းဖွင့်

ရေစကြို မေ ၁၂

မကွေးတိုင်း ရေစကြိုမြို့ အလကကျောင်းခန်းမဆောင်၌ ဧပြီ ၂၈ရက်က လူထုအခြေပြု ဘေးဒုက္ခစီမံကိန်းခန့်ခွဲရေး ဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနား (၁/၂၀၀၉) ဖွင့်ပွဲကျင်းပရာ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာတင်ဝင်း၊ ကြက်ခြေနီအသင်း ဒုတိယဥက္ကဋ္ဌ ဒုတိယရဲမှူးသိန်းလွင်နှင့် ပခုက္ကူမြို့နယ် ကြက်ခြေနီအသင်း အတွင်းရေးမှူး ဦးလွန်းရွှေတို့က အမှာစကား ပြောကြားကြောင်း သိရသည်။ (၀၆၉)

မြန်မာ-ဂျပန် မျက်စိအထူးကုဆရာဝန်ကြီးများ ပူးပေါင်း မန္တလေးမြို့၌ မျက်စိအတွင်းတိမ်လူနာများအား အခမဲ့ခွဲစိတ်ကုသပေး

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေနှင့် ဝန်ကြီးဒေါက်တာကျော်မြင့် ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၂

မြန်မာနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ဂျပန်နိုင်ငံမှ Dr. Yoshifumi Fujita ဦးဆောင်သော မျက်စိအထူးကုဆရာဝန်ကြီးများ ပူးပေါင်းဆောင်ရွက်သည့် မျက်စိအတွင်းတိမ် လူနာများအား အခမဲ့ခွဲစိတ်ကုသခြင်း အစီအစဉ်ကို မေ ၄ရက် နံနက် ၉ နာရီက မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါကုဆေးရုံကြီး၌ ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်တို့ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မျက်စိရောဂါဝေဒနာရှင်များအား အားပေးကြပြီး ဆေးရုံကြီး ပြင်ပလူနာဌာနရှိ မျက်စိစမ်းသပ်ခန်းများအတွင်း မျက်စိအထူးကုဆရာဝန်ကြီးများ၏ မျက်စိရောဂါ စမ်းသပ်စစ်ဆေးနေမှု၊ မျက်မှန်စမ်းသပ်စစ်ဆေးပေးမှု၊ အသေးစား မျက်စိခွဲစိတ်ကုသပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် အတွင်းလူနာဆောင်အတွင်း ဂျပန်နိုင်ငံ မျက်စိအထူးကုဆရာဝန်ကြီးများ၏ မျက်စိရောဂါ စမ်းသပ်ပေးနေမှုနှင့် အကြီးစားခွဲစိတ်ကုသပေးရန် ရွေးချယ်သတ်မှတ်ထားသည့် လူနာများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ပါဝင်

မြန်မာ-ဂျပန် မျက်စိအထူးကုဆရာဝန်ကြီးများ ပူးပေါင်းဆောင်ရွက်ရာ၌ မြန်မာနိုင်ငံ မျက်စိအထူးကု ဆရာဝန်ကြီးများအဖွဲ့ကို တွဲဖက်ပါမောက္ခ ဒေါက်တာရဲလွင်ဦးဆောင်၍ ဆေးရုံကြီးများမှ မျက်စိအထူးကုဆရာဝန်ကြီး ၁၂ဦး၊ မျက်ခမ်းစပ်နှင့် မျက်မမြင်ပပျောက်ရေးစီမံကိန်းမှ စီမံချက်မန်နေဂျာ ဒေါက်တာခင်ငြိမ်းလင်းနှင့် မျက်စိအထူးကုဆရာဝန် ၁၅ဦးတို့ ပူးပေါင်းပါဝင်ပြီး ဂျပန်နိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးအဖွဲ့ကို Dr. Yoshifumi Fujita ဦးဆောင်၍ ဆရာဝန် ငါးဦး၊ သူနာပြုနှင့်ကျွမ်းကျင်သူ ၁၀ ဦးပါဝင်ကြသည်။

လာရောက်ပြသ

မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါကု ဆေးရုံကြီး၌ ဆောင်ရွက်လျက်ရှိသော မြန်မာ-ဂျပန် မျက်စိအထူးခွဲစိတ်ကု ဆရာဝန်ကြီးများ၏ မျက်စိအတွင်းတိမ်လူနာများအား အခမဲ့စမ်းသပ်ကုသမှုလုပ်ငန်းတွင် မန္တလေးတိုင်းအတွင်း မြို့နယ်များနှင့် ကျေးရွာများမှ မျက်စိရောဂါဝေဒနာရှင်များ၊ စစ်ကိုင်းတိုင်း-မုံရွာ၊ မြင်းမူ၊ ရွှေဘို၊ ဝက်လက်၊ ကချင်ပြည်နယ်-မြစ်ကြီးနား၊ ရှမ်းပြည်နယ်-လားရှိုး၊ နောင်ချို၊ မကွေးတိုင်း- ပခုက္ကူ၊ ပဲခူးတိုင်း-တောင်ငူမြို့နယ်များမှ မျက်စိရောဂါဝေဒနာရှင်များ လာရောက်ပြသခဲ့ကြသည်။

ကြည့်ရှုအားပေး

ဝန်ကြီး ဒေါက်တာကျော်မြင့်သည် မေ၅ရက် နံနက်၈နာရီခွဲက မန္တလေးမြို့ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ မြန်မာ-ဂျပန် မျက်စိအထူးကု ဆရာဝန်ကြီးများ ပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် မျက်စိအတွင်းတိမ်လူနာများအား အခမဲ့ခွဲစိတ်ပေးခြင်း လုပ်ငန်းဆောင်ရွက်မှုကို ကြည့်ရှုအားပေးသည်။

တပ်ဆင်ပေး

ဝန်ကြီးသည် မြန်မာနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့နှင့် ဂျပန်နိုင်ငံမှ Dr. Yoshifumi Fujita ဦးဆောင်သော မျက်စိခွဲစိတ်ကုသမှု အဖွဲ့ဝင်များနှင့်အတူ ဆေးရုံကြီးရှေ့မဏ္ဍပ်၌ မျက်စိခွဲစိတ်ကုသမှုခံယူခဲ့ကြသည့် မျက်စိရောဂါဝေဒနာရှင်များအား အခမဲ့မျက်မှန်များ အသီးသီး တပ်ဆင်ပေးကြသည်။

စမ်းသပ်စစ်ဆေး

ထို့နောက် ဝန်ကြီးသည် ပြင်ပလူနာဌာနရှိ မျက်စိရောဂါ စမ်းသပ်စစ်ဆေးမှုများ၊ မျက်မှန်စမ်းသပ်ပေးမှု၊ မျက်စိဆေးထည့်ပေးခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ယင်းနောက် ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ခွဲစိတ်ခန်းမကြီးရှေ့ရှိ ခွဲစိတ်မည့်လူနာများအား နှုတ်ဆက်အားပေးသည်။

မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါကုဆေးရုံကြီးသို့ မေ၃ရက်မှ ၆ရက်အထိ လာရောက်ပြသသည့် လူနာပေါင်း ၂၃၀၉ ဦး၊ အတွင်းတိမ်ခွဲစိတ်လူနာ ၅၃၀၊ အသေးစိတ် ခွဲစိတ်ပေးခဲ့သည့် လူနာ ၂၁၃ ဦး၊ မျက်မှန်အခမဲ့ တပ်ဆင်ပေးခဲ့သူ ၃၄၅ဦးနှင့်ဆေးပေးကုသသည့် ပြင်ပလူနာ ၁၃၉၇ဦး ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီး ဦးအောင်သောင်း တောင်သာမြို့နယ်အတွင်း ပြည်သူများနှင့်တွေ့ဆုံ

နေပြည်တော် မေ ၁၂

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် မေ ၇ရက် နံနက် ၁၀ နာရီက တောင်သာမြို့နယ် ဇရပ်ကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ တောင်သာမြို့နယ် ဇရပ်ကြီးဒေသရှိ ဇရပ်ကြီး၊ ခလဗျား၊ လှည်းကျူးမ၊ ငွေသောင်၊ လက်ပံကျွန်း၊ ဗွေးမြှောင်ကုန်း၊ ပြဿဒ်ကြီး၊ ထန်းပင်ကန်၊ ပြာပင်ယာ၊ အရှေ့ချောင်းဆုံ၊ ရုံးစဉ်လေး၊ ရွာသစ်၊ သန်းတန်း၊ ရွာတန်းရှည်၊ ဝါကြီးအိုင်၊ အလယ်ချိုင့်တောင်၊ အလယ်ချိုင့်မြောက်၊ အလယ်ချိုင့်အရှေ့၊ မကြီးပင်တဲ၊ ပဲခင်းကျော်နှင့်ရန်ကင်းသာစည်ကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံ

ဝန်ကြီးသည် ညနေပိုင်းတွင် တောင်သာမြို့နယ် ဖတ်တောကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ဖတ်တော၊ ညောင်ကန်၊ ဘုရားလှ၊ စံဦး၊ နှမ်းရွာ၊ ကန်ဆင့်၊ နန်းမြင့်ကျေးရွာများမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆွမ်ပရာဘွမ် - ပူတာအိုလမ်း

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းတွင် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(ဆောက်လုပ်ရေး)

မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း

ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၂

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၅ရက် ညနေပိုင်းက ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပူတာအိုခရိုင်ရုံးသို့ရောက်ရှိရာ ပူတာအိုခရိုင်အင်ဂျင်နီယာမှူး ဦးလှမြင့်က ပူတာအိုခရိုင်အတွင်းရှိ လမ်းများနှင့် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း မိုင်တိုင်အမှတ် (၁၈၄/၀)မှ (၂၁၈/၀)အထိ ၃၄မိုင်အတွင်း လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးက လိုအပ်သည်များမှာကြားပြီး မြို့နယ်အင်ဂျင်နီယာနှင့် ရုံးဝန်ထမ်းများအား တွေ့ဆုံသည်။ ဝန်ကြီးသည် မေ၆ရက် နံနက်ပိုင်းတွင် ပူတာအိုမြို့မှ မော်တော်ယာဉ်များဖြင့်ထွက်ခွာပြီး မြစ်ကြီးနား-ဆွမ်ပရာဘွမ်- ပူတာအိုလမ်းတစ်လျှောက်ရှိ လမ်း၊တံတား လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မွန်ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့် ဗီဒီယိုအခြေခံအဖွဲ့များအား ဂုဏ်ပြုလွှာနှင့်ဆုချီးမြှင့်

ရန်ကုန် မေ ၁၂

၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မွန်ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့် ဗီဒီယိုအခြေခံအဖွဲ့များအား ဂုဏ်ပြုလွှာနှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၄ရက်က မော်လမြိုင်မြို့ရှိ ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ရုံး၌ ကျင်းပရာ ပြည်နယ်ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်လမြိုင်လုပ်ငန်းစုရုံး ဌာနခွဲမှူး ဦးစိုးမင်းအောင်က အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုလက်မှတ်

ယင်းနောက် ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်ထွန်းက မွန်ပြည်နယ် ၁၀မြို့နယ်ရှိ ဗီဒီယိုအခြေခံ အဖွဲ့များအား ဂုဏ်ပြုလက်မှတ်များကို လည်းကောင်း**(ယာပုံ)**၊ ပြည်နယ် ဥပဒေအရာရှိ ဦးခင်ဝင်း၊ ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှူး ဦးကိုကိုလတ်၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းအောင်နှင့် မော်လမြိုင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဆန်းမြင့်တို့က ပထမဆုရ သထုံမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့၊ ဒုတိယဆုရ ကျိုက်ထိုမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့၊ တတိယဆုရ ပေါင်မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့၊ စတုတ္ထဆုရ သံဖြူဇရပ်မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့နှင့် ပဉ္စမဆုရ မုဒုံမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့အပြင် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့သော မြန်မာ့ရုပ်ရှင်လုပ်ငန်း မော်လမြိုင်လုပ်ငန်းစုရုံးမှ ဝန်ထမ်းများအား ဂုဏ်ပြုချီးမြှင့်ရာ ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေး အတွင်းရေးမှူး (မြန်မာ့ရုပ်ရှင်လုပ်ငန်း/ မော်လမြိုင်) လုပ်ငန်းစုရုံးမှ ဌာနခွဲမှူး ဦးစိုးမင်းအောင်က ဌာနခွဲစာရေးဒေါ်သန်းလှ(ဘက်စုံထူးချွန်ဆု)၊ အကြီးတန်းစာရေး ဒေါ်သီသီအောင်(လုပ်ငန်းစွမ်းဆောင်ရည်အကောင်းဆုံးဆု)၊ အကြီးတန်းစာရေး ဦးအောင်မြင့်(ရုံးတက်မှန်ဆု)နှင့် ရုံးလုလင် ဦးစိုးနိုင် (နှစ်သိမ့်ဆု)တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

(သတင်းစဉ်)

ကျီးသဲလေးထပ်စာကြည့်တိုက် ဆောက်မည့်မြေနေရာ ပဲခူးတိုင်း ဒုတိယဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

ရွှေတောင် မေ ၁၂

ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် စိန်မြင့်သည် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ပြည်ခရိုင်ဥက္ကဋ္ဌ ဦးကျော်ညွှန့်တို့လိုက်ပါလျက် မေ ၁၀ရက် နံနက်က ရွှေတောင်မြို့နယ် ကျီးသဲတိုက်နယ် ကျီးသဲကျေးရွာ ကျီးသဲလေးထပ် စာကြည့်တိုက် အဆောက်အအုံ ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဥက္ကဋ္ဌဦးမြင့်လွင်၊ မြို့နယ်ဦးစီးမှူး ဦးလှမျိုးအောင်၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးထွန်းထွန်းဦး၊ အုပ်စုဥက္ကဋ္ဌ ဦးမြင့်ဇော်နှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက ရှင်းလင်းတင်ပြကြသည်။**(အပေါ်ပုံ)**

မှာကြား

ဒုတိယဥက္ကဋ္ဌက ကိုယ်ပိုင်စာကြည့်တိုက် မြေဖြစ်ရေးနှင့် သတ်မှတ်အထောက်အထားများ ပြုစုထားရှိရေး၊ သတ်မှတ်ပုံစံနှင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ရေးမှာကြားပြီး လိုအပ်သည်များ ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမျိုးသားပညာရေးတာဝန်များ၏ မွန်မြတ်ကြီးလေးမှုကို အလေးအနက်သိမြင် တစ်ဦးချင်း အရည်အသွေးထက်မြက်မြင့်မားစေရေး အစဉ်တစိုက်ကြိုးပမ်း မျိုးဆက်သစ်လူငယ်များအား အမျိုးသားရေးကိုယ်ခံစွမ်းအား ပြည့်ဝစေရေး ပျိုးထောင်

ပညာရေးကဏ္ဍ အမျိုးသားရေးတာဝန်များကို ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် ထမ်းဆောင်

နေပြည်တော် မေ ၁၂

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၂) ဖွင့်ပွဲအခမ်းအနားကို မေ ၁၁ရက် နံနက် ၉နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဝင်းစိန်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် အောင်ထွန်း၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများနှင့် လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက သင်တန်းဖွင့် အမှာစကားပြောကြားရာ၌ ယနေ့ ကာလတွင် "ပညာရေးဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုး တိုးတက်သည့် အနာဂတ် နိုင်ငံတော်ကိုထူထောင်နိုင်ရေးအတွက် အမျိုးသားပညာရည် မြင့်မားရေး စီမံကိန်းများကို စနစ်တကျ ချမှတ်ပြီး အရည်အချင်းမြင့်မားသည့်လူ့စွမ်းအား အရင်းအမြစ်များကို ပြုစုပျိုးထောင် လျက်ရှိကြောင်း။

အထောက်အကူပြု

တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ သင်တန်းသား ဆရာ ဆရာမများ အနေဖြင့် သက်ဆိုင်ရာ ဘာသာရပ် အသီးသီးတွင် ထူးချွန်ထက်မြက်စွာ ဆည်းပူးခဲ့ကြပြီး အနာဂတ် နိုင်ငံတော် အတွက် စွမ်းရည်မြင့်မားသည့် မျိုးဆက်သစ်လူငယ်များ ဆက်လက် ပေါ်ထွန်းနေရေးအတွက်သင်ကြားရေး တာဝန်များအပြင် ပညာရပ်ဆိုင်ရာ အလိုက် နိုင်ငံ့အကျိုးပြု သုတေသန လုပ်ငန်းများ၊ တာဝန်များကို ထမ်း ဆောင်နေကြရာ၌ ယခုကဲ့သို့ မွမ်းမံ သင်တန်းများ တက်ရောက်ခွင့်ရရှိ သည့်အတွက် အမျိုးသားရေး ယုံကြည် ချက်၊ ခံယူချက်များ ပိုမိုရှင်သန် ခိုင်မြဲ စေရေးအတွက် အထောက်အကူပြု မည်ဖြစ်ကြောင်း။

မိမိတို့ နိုင်ငံသားများအား အဆင့် မြင့် နည်းပညာရပ်များကို ကျွမ်းကျင် စွာ တတ်မြောက်သည့် စွမ်းရည်မြင့် လူ့စွမ်းအား အရင်းအမြစ်များအဖြစ် ပြုစုပျိုးထောင်နိုင်ရေးအတွက်အမျိုးသား ပညာရည် မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ဖော်ဆောင်လျက်ရှိ ကြောင်း၊ အမျိုးသားပညာရည်မြင့်မား ရေး စီမံကိန်း၏ မျှော်မှန်းချက်(၁၂)ရပ် ကို လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု ဆိုင်ရာကဏ္ဍ၊ နည်းပညာ အသုံးပြုမှု ဆိုင်ရာကဏ္ဍ၊ သုတေသနလုပ်ငန်း ဆိုင်ရာကဏ္ဍ၊ စဉ်ဆက်မပြတ် သင်ယူ နေသောလူ့ဘောင်အဖွဲ့အစည်းဆိုင်ရာ ကဏ္ဍ၊ ပညာရည် အဆင့်မြှင့်တင်မှု ဆိုင်ရာကဏ္ဍ၊ အမျိုးသားရေးစံနှုန်းနှင့် အမျိုးသားရေး တန်ဖိုးထိန်းသိမ်း စောင့် ရှောက်ရေးဆိုင်ရာ ကဏ္ဍများအဖြစ် ကဏ္ဍ (၆)ရပ် ပိုင်းခြားပြီး စနစ်တကျ ချမှတ် ဆောင်ရွက်နေကြောင်း။

တိုးချဲ့ဖွင့်လှစ်

၁၉၈၈ ခုနှစ်နောက်ပိုင်း အဆင့် မြင့် ပညာရေးကဏ္ဍပြုပြင်ပြောင်းလဲမှု များဆောင်ရွက်ခဲ့ရာ နိုင်ငံတစ်ဝန်းလုံး တွင် တက္ကသိုလ်၊ ကောလိပ်ပေါင်း ၁၅၈ခုအထိ ရှိလာခဲ့ပြီး ပြည်နယ်နှင့် တိုင်းအားလုံး၌ တက္ကသိုလ်၊ ဒီဂရီ ကောလိပ်များ အသစ် တိုးချဲ့ဖွင့်လှစ် ခြင်း၊ အဆင့်မြှင့်ခြင်းများ ဆောင် ရွက်ပေးခဲ့ကြောင်း။

ထို့အပြင် နိုင်ငံတကာအဆင့်မီ ပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်း များ စိစစ်တိုင်းတာဆောင်ရွက်နိုင်ရေး အတွက် အဆင့်မြင့်သုတေသနဆိုင်ရာ စက်ပစ္စည်းများ တပ်ဆင်အသုံးပြု ခြင်း၊ ICT အသုံးပြုပြီး သင်ကြားပို့ချ ပေးနိုင်ရေးအတွက် Computer Training Centre, Multimedia Lecture Room, Language Lab များကို နိုင်ငံတစ်ဝန်းလုံးရှိ တက္ကသိုလ်၊ ကောလိပ်များတွင် တပ်ဆင်ပေးထား ပြီး ဖြစ်ကြောင်း။

တိုးမြှင့်သင်ကြား

တိုင်းရင်းသား အားလုံးအတွက် ပြည်ထောင်စုနယ်မြေ အသီးသီးတွင် အဆင့်မြင့် ပညာသင်ယူနိုင်ရေး အတွက် သင်ရိုးညွှန်းတမ်း အဆင့် မြှင့်တင်မှုများ၊ ပေါင်းစပ် ဘာသာရပ် များ၊ ပညာရပ်မျိုးကွဲများ တိုးမြှင့် သင်ကြားမှုများ၊ မဟာဘွဲ့မှ ပါရဂူဘွဲ့ အထိ သင်တန်းများ တိုးချဲ့ဖွင့်လှစ်မှု များဖြင့် အဆင့်မြင့်ပညာကဏ္ဍအား မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိ ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အမျိုး သားပညာရည် မြင့်မားရေးအတွက် ခေတ်နှင့်အညီ လိုအပ်သော ပညာရေး ဆိုင်ရာ အခြေခံအဆောက်အအုံများ၊ ICT ဆိုင်ရာ အခြေခံ အဆောက်အအုံ များနှင့် ပညာရေးဆိုင်ရာပတ်ဝန်းကျင် ကောင်းများကို တစ်နိုင်ငံလုံး ဖြန့်ကြက် လွှမ်းခြုံ ဆောင်ရွက်ပေးထားမှုများ ကြောင့် သင်တန်းသား၊ သင်တန်းသူ ဆရာဆရာမများကိုယ်တိုင် အဆင့်မြင့် ပညာရပ်ဆိုင်ရာများ ဆည်းပူးသင်ယူ နိုင်မှု၊ စဉ်ဆက်မပြတ် လေ့လာသင်ယူ နိုင်မှုအခွင့်အလမ်းများရရှိပြီး မျိုးဆက် သစ်လူငယ်များအပေါ် ဆက်လက် ပြုစုပျိုးထောင်မှုများ ဆောင်ရွက်လျက် ရှိနေကြပြီဖြစ်ကြောင်း။

အစဉ်အမြဲသတိပြု

မြန်မာနိုင်ငံ၏သမိုင်းတစ်လျှောက် ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု၊ မိမိနိုင်ငံ၏နောက်ခံသမိုင်း၊ အမျိုးသား ရေး စရိုက်လက္ခဏာများနှင့် ကိုက်ညီမှု မရှိသော ပြည်ပနိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး ကျင့်သုံးမှုစနစ်များကို ပုံတူ ကူးချရန် ကြိုးပမ်းမှုများကြောင့် အမျိုးသားရေးကို ထိခိုက်စေခဲ့သည့် သမိုင်းရေး သင်ခန်းစာများကို အစဉ် အမြဲ သတိပြုကြရမည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နယ်မြေ ဒေသများအလိုက်ရရှိနေသည့်တည်ငြိမ် အေးချမ်းမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုး တိုးတက်မှု အခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းရေး၊ ပိုမိုရှင်သန် ခိုင်မြဲစေရေးအတွက် လက်ဆင့်ကမ်း တာဝန်ယူသွားကြမည့် မျိုးဆက်သစ် လူငယ်များအား အမျိုးသားရေး ကိုယ်ခံ စွမ်းအားများ ပြည့်ဝနေစေရေး ပြုစု ပျိုးထောင်ကြရမည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်မှု

နိုင်ငံတော်တွင်အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို တည်ဆောက် နိုင်မှုကြောင့် ရရှိလာသော တည်ငြိမ် အေးချမ်းမှုများအပေါ် အခြေပြုပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ နယ်စပ်ဒေသများနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း နှင့် အထူးဒေသကြီး(၂၄)ခု ဖွံ့ဖြိုးရေး စီမံကိန်းများကို အကောင်အထည်ဖော် နိုင်မှုတို့ကြောင့် နယ်မြေဒေသများရဲ့ ဖွံ့ဖြိုးဒေသများသည် ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို ပြည်သူများ ခံစား နေကြရပြီဖြစ်ကြောင်း။

အသိပညာရှင်၊ အတတ်ပညာရှင် များအနေဖြင့် မျက်မှောက်ကာလ သိပ္ပံ နှင့် နည်းပညာများ အရှိန်အဟုန်ဖြင့် ပြောင်းလဲလာမှုနှင့်အတူ ကမ္ဘာ့နိုင်ငံ အများ ဆက်စပ် ယှက်နွယ်ပြောင်းလဲမှု ကို ကြုံတွေ့နေကြရချိန်တွင် ကိုယ်ပိုင် အမျိုးသားရေးလက္ခဏာ၊ ကိုယ်ပိုင် စံနှုန်းများနှင့် ရပ်တည်လာခဲ့သည့် မိမိတို့နိုင်ငံ၏ ဒို့တာဝန်အရေးသုံးပါး၊ အမျိုးသားရေး ရပ်တည်ချက်အပေါ်၌ ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်သွားကြရန် လိုအပ်ကြောင်း၊ ကမ္ဘာတစ်ဝန်း နေ့စဉ် နှင့်အမျှ ပေါ်ပေါက်နေသည့် လူသား ကောင်းကျိုးပြု အတတ်ပညာ၊ နည်း ပညာများကို မိမိနိုင်ငံနှင့် ပြည်သူများ အကျိုးစီးပွားအတွက် ရယူအသုံးချကြ ရမည်ဖြစ်သကဲ့သို့ (Globalization) ကို အကြောင်းပြုပြီး နိုင်ငံကြီးများမှ ဖွံ့ဖြိုးဆဲ နိုင်ငံများအပေါ် လွှမ်းမိုး ခြယ်လှယ်နိုင်ရေးအတွက်ကြိုးပမ်းမှုများ ကို အမျိုးသားရေးသတိဖြင့် ကာကွယ် စောင့်ရှောက်ကြရမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် -

- **အနာဂတ်နိုင်ငံတော် တည် ဆောက်ရေးတွင် အမျိုးသား ပညာရေး တာဝန်များ၏ မွန်မြတ်ကြီးလေးမှုကိုအလေး အနက် သိမြင်ပြီး မိမိတို့ တစ်ဦးချင်း အရည်အသွေး များ ထက်မြက် မြင့်မားနေ စေရေးအတွက် အစဉ်တစိုက် ကြိုးပမ်းကြရန်။**
- **အဆင့်မြင့်ပညာကဏ္ဍ ပညာ ရေး တာဝန်များကို ထမ်း ဆောင်ရာ၌ အမျိုးသားရေး အကျိုးစီးပွားဆိုင်ရာယုံကြည် ချက်၊ ခံယူချက်များ ပိုမို ရှင်သန်ခိုင်မြဲစေရေးကြိုးပမ်း သွားကြရန်။**
- **အနာဂတ် နိုင်ငံတော်ကို လက်ဆင့်ကမ်း တာဝန်ယူ သွားကြမည့် မျိုးဆက်သစ် လူငယ်များအားအမျိုးသားရေး ကိုယ်ခံစွမ်းအားများ ပြည့်ဝ နေစေရန်ပြုစုပျိုးထောင်ရမည့် ပညာရေးကဏ္ဍ အမျိုးသား ရေး တာဝန်များကို ပြည် ထောင်စုစိတ်ဓာတ် အရင်းခံ ဖြင့် အောင်မြင် ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် စည်းကမ်းတကျ လေ့လာ ဆည်းပူးသွားကြရန်တိုက်တွန်း မှာကြားသည်။**

အဆိုပါ သင်တန်းသို့ သင်တန်း သား၊ သင်တန်းသူ ၃၈၆ ဦးတို့ တက် ရောက်ကြပြီး သင်တန်းကာလမှာ ရက် သတ္တပါတ် ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၃-၅-၂၀၀၉ရက်

(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၅။	အတီးပြိုင်ပွဲ
၈:၁၅	၆။	**ချစ်သောမြေချစ်သောရေ** ရာဇာနေဝင်း၊ ခိုင်နှင်းဝေ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၈:၂၀	၇။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၃၀	၈။	International News
၈:၄၅	၉။	တေးဂီတအစီအစဉ်
၉:၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	အကပြိုင်ပွဲ
၄:၂၀	၃။	သီချင်းကြီးပဒေသာ
၄:၃၀	၄။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄:၄၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄:၄၅	၆။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာအထူးပြုများ) (ဓာတုဗေဒ)
၅:၀၀	၇။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅	၈။	တေးဂီတအစီအစဉ်
၅:၂၀	၉။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၃၀	၁၀။	မြင်ရသူတိုင်းရင်မှာစွဲ အင်းလေးမြန်မာ့သစ်ခွပန်းပြပွဲ (အပိုင်း-၁)
၅:၄၅	၁၁။	စူပါတေးသံရှင်ရွေးချယ်ပွဲ (အပိုင်း-၁)
၆:၀၀	၁၂။	ညနေခင်းသတင်း
၆:၃၀	၁၃။	မိုးလေဝသအခြေအနေ
၆:၃၅	၁၄။	မြန်မာ့လေ့ရိုးရာလက်ဝှေ့
၆:၅၅	၁၅။	ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇:၃၀	၁၆။	ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၈:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	မြန်မာဗီဒီယိုဇာတ်လမ်း **အရိပ်မဲ့နွေ** ဒွေး၊ သားညီ၊ မြတ်ကေသီအောင်၊ သဇင် (ဒါရိုက်တာ-မောင်ပြည့်ဝ)

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း၏ ဒုတိယဥက္ကဋ္ဌ ဦးဝင်းသင်က ကုမ္ပဏီဥပဒေ(ဒုတိယပိုင်း) ခေါင်းစဉ်ဖြင့် ဟောပြောပွဲတစ်ရပ်ကို မေ၃၁ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်မြို့ သခင်မြပန်းခြံလမ်း အလုံမြို့နယ်ရှိ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်း

ဟောပြောပွဲ တက်ရောက်ခွင့်ရှိသူများမှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်များဖြစ်ပြီး CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ကြောင်း၊ ဟောပြောပွဲ တက်ရောက်ရန်အတွက် မေ၂၇ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းရုံးခန်း (အမှတ် ၁/၁၉ သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၊ ပထမထပ်)သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းသွင်းရမည်ဖြစ်ကြောင်း၊ နယ်မှ လာရောက်ရသူများအနေဖြင့် သတ်မှတ်ရက်မတိုင်မီ အသင်းရုံး ဖုန်း-၂၁၄၆၅၃သို့ ကြိုတင်ဆက်သွယ် စာရင်းသွင်းနိုင်ကြောင်း၊ သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်းနှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်း(ဒုတိယပိုင်း)တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများ အနေဖြင့် ဟောပြောပွဲ တက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(ရန်ကုန်)ရုံးခန်း၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲ အသင်းလိုက်ပြိုင်ပွဲနှင့် သက်တန်းလိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၂

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲကို မေ၂၀ ရက်မှ ၂၅ရက်အထိ သိမ်ဖြူတင်းနစ် အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

အမျိုးအစား

ပြိုင်ပွဲအမျိုးအစားများမှာ အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသားအလွတ်တန်း တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီး အလွတ်တန်း တစ်ဦးချင်း ပြိုင်ပွဲ၊ အသက် ၅၅နှစ်နှင့်အထက် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် ၁၀နှစ်၊ အသက် ၁၂နှစ်နှင့် အသက် ၁၄နှစ် အောက် လူငယ် ကျား/မ တင်းနစ် ပြိုင်ပွဲတို့ဖြစ်သည်။

ပြိုင်ပွဲစည်းကမ်းများမှာ အသင်းလိုက်ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းအဆင့် မဟုတ်သူများ၊ အသက်၄၅နှစ်အထက် ပြည်နယ်နှင့် တိုင်းအဆင့် အားကစားသမားတစ်ဦး၊အသက်၅၀နှစ်အထက် ပြည်နယ်နှင့်တိုင်းအဆင့် အားကစားသမား တစ်ဦးနှင့် အသက် ၆၀နှစ်အထက် ပြည်နယ်နှင့်တိုင်း အားကစားသမား၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများ တစ်သင်းလျှင် အားကစားသမားဦးရေ ကန့်သတ်ချက်မရှိ ပါဝင်ခွင့်ရှိသည်။ အားကစားသမားအနေဖြင့်အသင်းတစ်သင်းလျှင် အားကစားသမားဦးရေ အနည်းဆုံး ခြောက်ဦး၊ အများဆုံး ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ရမည်။

ယှဉ်ပြိုင်ခွင့်

သက်တန်းလိုက်ပြိုင်ပွဲတွင် ပြိုင်ပွဲစတင်သည့်နေ့မှစ၍ အသက်ပြည့်သူနှင့် အသက်မကျော်လွန်သူအားလုံး ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

ပြိုင်ပွဲသို့ နယ်မှလာရောက် ပါဝင်ယှဉ်ပြိုင်သော ကလပ်အသင်းများကို ခရီးစရိတ်အဖြစ် တစ်သင်းလျှင် ငွေကျပ် ၃၀၀၀၀၊ လူငယ်သက်တန်း အလိုက် ပါဝင်ကစားလိုသူများ တစ်ဦးလျှင် ငွေကျပ်၁၀၀၀၀နှင့် နေထိုင်ရေး တို့ကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က စီစဉ်ဆောင်ရွက်ပေးမည်။

စာရင်းပေးသွင်း

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လိုသူများသည် မေ ၁၈ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀၊ ၃၈၁၉၉၁၊ ၉၉၂(လိုင်းခွဲ-၀)သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းရမည်ဖြစ်ပြီး မေ၁၉ ရက် မွန်းလွဲ ၂နာရီတွင် ပွဲစဉ်များ ရေးဆွဲမည့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် ရုံးခန်းသို့ အသင်းတစ်သင်းမှ တာဝန်ရှိသူတစ်ဦး တက်ရောက်ရမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တောင်တွင်းကြီးမြို့နယ်အသင်း နေရပ်လိပ်စာ စာအုပ်သစ်ထုတ်မည်

ရန်ကုန် မေ ၁၂

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)၏နေရပ်လိပ်စာစာအုပ်အသစ် ထုတ်ဝေမည်ဖြစ်ရာ နေရပ် လိပ်စာ အပြောင်းအလဲရှိသော အသင်းဝင်များသည် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင် ဖုန်း-၆၉၉၆၀၂၊ ဒုတိယ ဥက္ကဋ္ဌ ဦးကျော်စိုး ဖုန်း-၆၅၁၉၄၃၊ ဘဏ္ဍာရေးမှူး ဒေါ်မိမိခိုင် ဖုန်း-၆၄၀၈၆၈ နှင့်နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ် အမြန်စာရင်းပေးနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သင့်သွေးဖြင့် အသက်ကယ်ပါ

ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် မေ ၁၂

စားသုံးရန်မသင့်သော ဆိုးဆေးများ ဈေးကွက်အတွင်းရှိ အစားအစာများတွင် ပါရှိနေပေရာ ယင်းနှင့်ပတ်သက်၍ "ဆိုးဆေးနှင့် မြန်မာ့လူ့အဖွဲ့အစည်း" အကြောင်းနှင့် "၁၀၅မိုင် ကုန်သွယ်ရေးစခန်းမြို့တော် မူဆယ်" သတင်းဆောင်းပါး၊ခေတ်ဟောင်းသတင်းစာများကပြောနေသော ပြည်တွင်းနိုင်ငံရေးပုံရိပ်များ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၅)၊ အမှတ်(၁၈) ထွက်ရှိလာသည်။

ယင်းအပြင် ဆရာဦးကျော်ဝင်း၏ "ဖွံ့ဖြိုးရေးသစ်ပင်နှင့် ရယ်ဒီကယ်သင်းသတ်ခြင်း"၊ တစ်ခေတ်တစ်ခါက အမတ်မင်းတို့အကြောင်း"၊ မိမိတို့စားသုံးသော အစားအစာတွင် ဆိုးဆေးပါသည်ဟု သံသယရှိပါက FDA တွင် အခမဲ့စစ်ဆေးနိုင်၊ မြန်မာနိုင်ငံရှိ လူမှုရေးလုပ်ငန်းများအတွက် ဗြိတိန်က ကန်ဒေါ်လာ သန်း ၃၀ တိုးမြှင့်ကူညီမည်၊ ပါရမီတက္ကစီ၅၄စီး ညပိုင်း ပြေးဆွဲပြီ၊ ကလေးငယ်များအတွက် ဉာဏ်ရည်မြှင့် ပေသီးအသုံးပြု စိတ်တွက် သင်္ချာနည်းပညာ မြန်မာတွင် ပထဆုံးဖွင့်လှစ်၊ မိုးကြိုးပစ်သံကြောင့် ရုတ်တရက်နှလုံးသွေးရပ်သေဆုံး၊ နိုင်ငံတကာ၌ A /H_1N_1 ရောဂါဖြစ်ပွားနေသော်လည်း အန္တိယသို့ ဝက်တင်ပို့မှု ဆက်လက်ရှိနေ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "အစားအစာနှင့်ဘေးကင်းလုံခြုံမှု"၊ "အသည်းကွဲသီချင်းတွေနဲ့ ဘဝကိုတစ်ကိုယ်တည်း လျှောက်လှမ်းပြီး ဘဝရဲ့အထီးကျန်မှုတွေကို အလုပ်နဲ့ အစားထိုးသွားမယ်" ချန်းချန်းနဲ့ တွေ့ဆုံခိုက် မေးမြန်းဖြစ်ခဲ့တာလေးတွေ ဖျော်ဖြေရေးသတင်း အပါအဝင် ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိလာသည်။

A /H_1N_1 က အာရှ၏ စီးပွားရေး နာလန်ထူမှုကို နှေးကွေးစေနိုင်၊ စင်ကာပူအစိုးရက လျှပ်စစ်ကား ထုတ်လုပ်ရေးအတွက် ပံ့ပိုးကူညီ၊ အမျိုးသမီးတစ်ဦး ကားမောင်းရင်း ရေကူးကန်ထဲထိုးကျ၊ အိုဘားမားက ဒီမိုကရက်တစ်ပါတီသို့ ကူးပြောင်းလာသော ရီပတ်ဘလီကင်အမတ်အား ကြိုဆိုထောက်ခံ၊ လေဆာရောင်ခြည်ဖြင့် မျက်စိခွဲစိတ်ကုသခြင်း ထင်ရှားသော်လည်း ကုသမှုခံယူသူများ အခက်ကြုံနေရ၊ မှုခင်းရေးရာကဏ္ဍ၊ ဟာသကဏ္ဍ၊ "ပြောရဦးမယ် သူတို့က ဒီလိုတဲ့" ဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေး ကဏ္ဍ၊ နည်းပညာကဏ္ဍ စုံလင်စွာပါရှိသည်။ **(သတင်းစဉ်)**

မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

နေ့စဉ်နာရီဝက်ခန့် ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်၍ အိပ်ရေးဝလျှင် အမျိုးသမီးများတွင် အဖြစ်များသော ကင်ဆာများမဖြစ်ပွားနိုင်

နေ့စဉ် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းနှင့် အိပ်ရေးဝအောင် အိပ်စက်ခြင်းတို့သည် အမျိုးသမီးများတွင် ကင်ဆာရောဂါ ဖြစ်ပွားမှုနည်းပါးစေကြောင်း အမေရိကန်ဆေးသိပ္ပံပညာရှင်များက ပြောကြားသည်။

အမျိုးသမီးများအနေဖြင့် နေ့စဉ်ပုံမှန် ကိုယ်လက်လေ့ကျင့်ခန်း ပြုလုပ်ပေးပါက သွေးလည်ပတ်မှုပုံမှန်ဖြစ်စေပြီး သွေးနှင့်ပတ်သက်သော ရောဂါများလည်း ကင်းဝေးစေကြောင်း၊ ထို့အပြင် နေ့စဉ် ပုံမှန်အိပ်ရေးဝအောင် အိပ်စက်ပါက ကိုယ်ခံစွမ်းအား ကောင်းမွန်မှုဖြစ်စေကြောင်း ၎င်းတို့က ပြောကြားသည်။

ဖြစ်ပွားမှုမရှိ

အမျိုးသမီး၆၀၀၀ကို သုံးနှစ်ကြာ သုတေသနပြုခဲ့ရာ နေ့စဉ်ကိုယ်လက်လေ့ကျင့်ခန်းနှင့် အိပ်ရေးဝအောင်အိပ်စက်သူ အမျိုးသမီးများသည် အမျိုးသမီးများတွင် အဖြစ်များတတ်သော ရင်သားကင်ဆာနှင့် သားအိမ်ကင်ဆာများဖြစ်ပွားမှု မရှိကြသည်ကို လေ့လာတွေ့ရှိရကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

နာရီဝက်ခန့်

အသက် ၄၀ အထက် အမျိုးသမီးများအနေဖြင့် တစ်နေ့လျှင် နာရီဝက်ခန့် ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်သင့်ပြီး အနည်းဆုံးအိပ်ချိန် ခုနစ်နာရီရှိသင့်ကြောင်း အမေရိကန်ဆေးသိပ္ပံပညာရှင်များက အကြံပြုထားသည်။

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ မိုးဆက်လက်ထစ်ချုန်းရွာမည်

ရန်ကုန် မေ ၁၂

ယနေ့နံနက် ၉နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီ တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းတွင် ဒေသအလိုက် မိုးကြီးခဲ့ကာ ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် မေလ၏ ပျမ်းမျှ အပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး တနင်္သာရီတိုင်းတွင် မေလ၏ ပျမ်းမျှ အပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၄ဒီဂရီစင်တီဂရိတ်နှင့် မင်းဘူးမြို့တွင် ၄၂ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သိမ်ဇရပ်မြို့တွင် ၂ဒသမ၅၆လက်မ၊ မိတ္ထီလာမြို့တွင် ၂ဒသမ၄၈လက်မ၊ တံတားဦး(လေဆိပ်)တွင် ၂ဒသမ၀၅လက်မ၊ ရွှေကျင်မြို့တွင် ၁ဒသမ၂၆လက်မ၊ ပင်လောင်းမြို့တွင် ၀ဒသမ၉၈လက်မနှင့် ပြင်ဦးလွင်မြို့တွင် ၀ဒသမ ၅၉လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မေ ၁၃ရက်ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ဖြစ်သည်။

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနားရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင်နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်း ရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင်သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည် သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

ငါးရစ်ငါးသန်ဘေးမဲ့ချန်၊ ပုံမှန်စားသုံး မျိုးမသုဉ်း

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်၊ ချောင်း၊ အင်းအိုင်အနှံ့အပြား၌ မျိုးရည်ပြည့်ဝသော ငါးထီးကြီးများနှင့် ဥများဖြင့်ပြည့်နေသောငါးမကြီးများသည် ဥချရန် နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်တက်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော ငါးသားပေါက်လေးများသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူမပြုနိုင်တော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန် ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများ ဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက "ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၄၅)" အရ ဖမ်းဆီးတရားစွဲဆို အပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသားပေါက်သော မိုးရာသီ အချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

"မကြာခင်မှာ e-telegram သွားဖို့ စတင်ဆောင်ရွက်နေပါပြီ"

ဦးခင်မောင်ထွန်း
လက်ထောက်အထွေထွေမန်နေဂျာ
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
ရှမ်းပြည်နယ် (တောင်ပိုင်း)

● ကျော်ဖုံးမှ

အခြားမြို့များ၌လည်း ဆက်သွယ်ရေးဖုန်းများဖြင့် လွယ်ကူစွာ ဆက်သွယ်ပြောဆိုနိုင်သည်ကို တွေ့ရသည်။

ဟုတ်ပါသည်။ ယနေ့ ဂလိုဘယ်လိုက်ဇေးရှင်းဟုခေါ်သော ကမ္ဘာ့ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ စက္ကန့်ပိုင်းအတွင်း ဆက်သွယ်နိုင်မှုသည် ခေတ်မီပြောင်းလဲတိုးတက်လာသော ဆက်သွယ်ရေးစနစ်၏ အကျိုးကျေးဇူးပင်ဖြစ်သည်။

ဤကဲ့သို့ ဆက်သွယ်ရေးစနစ်ကောင်းမွန်နေသော ရှမ်းပြည်နယ်(တောင်ပိုင်း) ဒေသ၌ ဆက်သွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ တောင်ကြီးမြို့ သစ်တောရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းရုံးသို့ သွားရောက်၍ လက်ထောက်အထွေထွေမန်နေဂျာ ဦးခင်မောင်ထွန်း ရှမ်းပြည်နယ်(တောင်ပိုင်း) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် တွေ့ဆုံမေးမြန်းခဲ့သည်။

မေး - ဆရာခင်ဗျာ၊ အခုဆရာတို့ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့မှာ စာတိုက်လုပ်ငန်းအနေဖြင့် ဘယ်လိုများ ဆောင်ရွက်နေပါသလဲ။

ဖြေ - စာတိုက်လုပ်ငန်းအနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ စာတိုက်စခန်းပေါင်း ၇၇ခုရှိပါတယ်။ စာတိုက်လုပ်ငန်းက အမြန်ချောပို့ကို အဓိကလုပ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းမှာ စတင် ဆောင်ရွက်နေတဲ့ Track and Trace စနစ်ကို ယခု မေ ၁ရက်မှာ စတင်စမ်းသပ်နေပါပြီ။

မေး - အဲဒီစနစ်က ဘယ်လိုများပါလဲခင်ဗျာ။

ဖြေ - အဲဒီစနစ်က ပို့ဆောင်သူက အမြန်ချောပို့လုပ်တဲ့အခါ Bar Code စနစ်နဲ့ ကပ်ပေးပြီး ကွန်ပျူတာ မှာထည့်လိုက်ပါတယ်။ ရန်ကုန်နဲ့ Network ချိတ်ထားတာမို့ ပို့လိုက်တဲ့ ချောဘယ်ရောက် နေလဲဆိုတာ Bar Code Reader နဲ့ ဖတ်ပြီးကြည့်ရင် ပို့လိုက်တဲ့ပစ္စည်း ဘယ်ကိုရောက်နေပြီဆိုတာ သိနိုင်ပါတယ်။

အော်တိုအိတ်ချိန်းလုပ်ငန်းခွင်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

မေး - အဲဒါဆိုရင် အမြန်ချော ပို့ဆောင်သူအနေနဲ့ မိမိပို့လိုက်တဲ့ပစ္စည်း ဘယ်အချိန်မှာ ဘယ်ရောက်နေတယ်ဆိုတာ သိနိုင်တာပေါ့။

ဖြေ - ဟုတ်ပါတယ်။ အမြန်ချော ပို့ဆောင်တဲ့သူတွေအတွက် ခေတ်မီဆက်သွယ်ရေးစနစ် တစ်ခုပါ။

မေး - ကြေးနန်းဆက်သွယ်ရေးစနစ်အနေနဲ့ ဘာများထူးခြားမှုရှိပါသလဲ။

ဖြေ - ကြေးနန်းဆက်သွယ်မှုအနေနဲ့ကတော့ ကွန်ပျူတာဖက်စ်စနစ်ကို ဦးတည်နေပါတယ်။ အော်တို အိတ်ချိန်းရှိတဲ့မြို့မှာ ကွန်ပျူတာနဲ့လုပ်နိုင်ပါတယ်။ မကြာခင်မှာ e-telegram သွားဖို့ စတင် ဆောင်ရွက်နေပါပြီ။

မေး - တယ်လီဖုန်းဆက်သွယ်ရေးစနစ်မှာကော ဘယ်လိုရှိပါသလဲ ဆရာ။

ဖြေ - တယ်လီဖုန်းလိုင်းမှာ ADSL စနစ်ကိုသုံးတဲ့အခါ မြန်နှုန်းမြင့်စေပါတယ်။ အင်တာနက်သုံးတဲ့အခါ ပိုမိုမြန်ဆန်စေပါတယ်။ အိုင်တီဝါသနာပါတဲ့ လူငယ်တွေအတွက် အင်တာနက်ဆိုင်တွေမှာ မြန်နှုန်းမြင့် ဆက်သွယ်နိုင်ပါတယ်။

မေး - တောင်ကြီးမြို့မှာ အင်တာနက်ဆိုင် တော်တော်များများ တွေ့ရပါတယ်။ ဘယ်လောက်များ ရှိမလဲဆရာ။

တောင်ကြီးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်း အဆောက်အအုံ။

(မြန်မာ့အလင်း)

ဖြေ - အခုဆိုရင် တောင်ကြီးမြို့မှာ အိုင်တီဝါသနာပါတဲ့ လူငယ်တွေများတာမို့ အင်တာနက်ဆိုင်ပေါင်း ၃၀ကျော်ရှိနေပါပြီ။

စာတိုက်လုပ်ငန်း၊ ကြေးနန်းဆက်သွယ်ရေးနှင့် တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်းများ၌ ခေတ်မီဆက်သွယ်ရေးစနစ်များ လုပ်ဆောင်နေပုံကို ရှင်းပြပြီးနောက် သတင်းအဖွဲ့မှ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ တည်ဆောက်ပြီး အော်တိုအိတ်ချိန်းများနှင့် တည်ဆောက်ဆဲ အော်တိုအိတ်ချိန်းစီမံကိန်းလုပ်ငန်းများကို ဆက်လက်မေးမြန်းရာတွင် အောက်ပါအတိုင်း ပြောကြားခဲ့သည်။ "တည်ဆောက်ပြီးတဲ့ အော်တိုအိတ်ချိန်းက တောင်ကြီးအပါအဝင် မြို့အလိုက် ၁၂ခုရှိပါတယ်။ လဲချားမြို့က အော်တို အိတ်ချိန်းဆိုရင် လိုင်းအင်အား ၇၀၀ရှိပြီး ယခုနှစ် ဧပြီ ၃၀ရက်ကမှ စတင်ဖွင့်တာပါ။ တောင်ကြီးမှာတော့ လိုင်းအင်အား ၃၀၀၀ ထပ်မံတိုးချဲ့ပြီးပါပြီ။ အသစ်တည်ဆောက်ဆဲက ကိုးမြို့ရှိပါတယ်။ အဲဒီစီမံကိန်းတွေပြီးရင် မိုးနဲ၊ မောက်မယ်၊ မိုင်းပန်မှာ လိုင်းအင်အား ၃၀၀စီရှိတဲ့ စီမံကိန်းလုပ်ငန်း ဆက်လုပ်မှာပါ"။

တည်ဆောက်ပြီး ဂျီအက်စ်အမ်ရေဒီယိုစခန်းများနှင့်ပတ်သက်၍လည်း ယခုလို ရှင်းပြသည် -

"ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ တည်ဆောက်ပြီးဖြစ်တဲ့ ဂျီအက်စ်အမ်ရေဒီယိုစခန်း ခုနစ်ခုရှိပါတယ်။ အောင်ပန်းနဲ့ ဟဲဟိုးစခန်းတွေဆိုရင် ယခုနှစ်မတ်လကမှ တည်ဆောက်ပြီးတာပါ။ တည်ဆောက်ဆဲအနေနဲ့ဆိုရင် သလဲဦးစခန်းကို ဆောက်လုပ်နေပါပြီ။ လိုင်းအင်အား ၅၆၀ရှိပါမယ်"။

ခေတ်မီကောင်းမွန်

ဆက်လက်၍ ဆက်သွယ်ရေးစခန်း မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းသစ် ၁၆ခုရှိကြောင်း၊ ကျေးလက်တယ်လီဖုန်း အိတ်ချိန်းခုနစ်ခုရှိကြောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ဆက်သွယ်ရေးစနစ် ခေတ်မီကောင်းမွန်ကြောင်း မြန်မာ့အလင်းသတင်းအဖွဲ့သို့ ရှင်းပြခဲ့သည်။

အထောက်အကူပြု

ယနေ့ခေတ်မီလူနေမှုစနစ်၌ ဆက်သွယ်ရေးလုပ်ငန်းသည် အရေးပါသော လုပ်ငန်းဖြစ်သည်။ ဆက်သွယ်ရေးလုပ်ငန်းကောင်းမွန်သဖြင့် အချိန်ကုန်ခြင်း၊ လူပင်ပန်းခြင်းစသည့် အခက်အခဲများကို ကျော်လွှားနိုင်သည့်အပြင် ငွေကုန်ကြေးကြ သက်သာမှုတွင်လည်း များစွာအထောက်အကူပြုသည်ဖြစ်၍ ရှမ်းပြည်နယ်(တောင်ပိုင်း)၏ ဆက်သွယ်ရေးကဏ္ဍ ဒေသဖွံ့ဖြိုးမှုကို ကွင်းဆင်းစေ၍ တင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အင်တာနက်

တောင်ကြီးမြို့ရှိ အင်တာနက်ဆိုင် တစ်ဆိုင်၌ လူငယ်များအင်တာနက်သုံးစွဲနေစဉ်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း သတင်းပဒေသာအတိုအထွာ

ရန်ကုန် မေ ၁၂

သဲကန္တာရဆိုင်ရာဟောပြောမည်

အစ္စရေးနိုင်ငံမှ ပညာရှင်များဖြစ်ကြသော Mr. Yakov Mos Kovitz (Ramat Negev Desert Agro Research Centre, Israel)သည် အစ္စရေးနိုင်ငံ၏ သဲကန္တာရ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်၍လည်းကောင်း၊ Mr. Ben Zion Shemer (Ramat Negev Desert Agro Research Centre, Israel) သည် ခြောက်သွေ့သော ရာသီဥတုတွင်လုပ်ကိုင်သည့် စိုက်ပျိုးရေးနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊ မေ၂၂ရက် မွန်းလွဲ ၂နာရီတွင် ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့် အနောက်ကြို့ကုန်း အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဆွေးနွေးဟောပြောမည်ဖြစ်သည်။

ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲကျင်းပမည်

၂၀၀၉ခုနှစ် (၁၄)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ကရာတေးဒိုပြိုင်ပွဲကို ဇွန်၂၀ရက် မှ ၂၂ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲ ရုံ၌ ကျင်းပမည်ဖြစ်သည်။

အင်တာနက်နှင့် အီးမေးလ်သင်တန်းဖွင့်မည်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် Information Channel(i-Channel) တို့ပူးပေါင်းစီစဉ်မှုဖြင့် Internet နှင့် e-mail သင်တန်းအမှတ်စဉ် (၆/၂၀၀၉)ကိုမေ၂၅ရက်မှစ၍ ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ လျှောက်လွှာများကို မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဖုန်း-၂၅၂၅၈၉ အောင်ဆန်းအားကစားပြိုင်ဝင်း အနောက်ဘက်တန်းတွင် ရယူပြီး မေ၂၂ရက် နောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

မန္တလေးဟိုတယ်ခရီးသွားလုပ်ငန်း သင်တန်းဖွင့်မည်

ဒိုင်းမွန်းပဲလေ့စ်ကုမ္ပဏီလီမိတက် မန္တလေးဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသင်တန်း ဌာနက မေ ၁၈ရက်မှ ဩဂုတ် ၇ရက်အထိ သင်တန်းအမှတ်စဉ် (၁၄) ဖွင့်လှစ်မည်ဖြစ်သည်။

ပြည်တွင်းရေကြောင်းပိုင်သင်္ဘောများအာမခံထားမည်

မြန်မာနိုင်ငံ ဒေသအနှံ့အပြား မြစ်ချောင်းများအတွင်း ပြေးဆွဲနေသော ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များကို အာမခံထားရှိရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ကိုရီးယားတက္ကသိုလ်ကျောင်းသူ မြန်မာရုပ်ရှင်အကြောင်း စာတမ်းပြုစုမည်

ကိုရီးယားသမ္မတနိုင်ငံ Sogang University မှ မာစတာကျောင်းသူ Jang, Bo-ram (ခ) မြန်မာအမည် မမြသန္တာအောင်က မဟာဘွဲ့အတွက် မြန်မာနိုင်ငံရုပ်ရှင်အကြောင်းကို ပထမဆုံးအဖြစ် သုတေသနပြုစာတမ်းတင်သွားမည်ဟု သိရသည်။

ဘဏ်လုပ်ငန်း ဒီပလိုမာသင်တန်း မကြာမီဖွင့်မည်

မြန်မာနိုင်ငံဘဏ်များအသင်းမှဖွင့်လှစ်သော ဘွဲ့လွန်ဘဏ်လုပ်ငန်း ဒီပလိုမာသင်တန်း ၏ ညနေပိုင်းသင်တန်းကို ဇွန်လအတွင်း ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်ရှိ မြန်မာနိုင်ငံ ဘဏ်များအသင်း အဆောက်အအုံ၌ ဖွင့်လှစ်ရန်စီစဉ်လျက်ရှိသည်။

မဲခေါင်ဒေသအလှနှင့် ယဉ်ကျေးမှုဖော်ထုတ်မည့်ဓာတ်ပုံပြိုင်ပွဲ

မဲခေါင်ဒေသ၏အလှနှင့် ယဉ်ကျေးမှုကိုဖော်ထုတ်မည့် ဓာတ်ပုံပြိုင်ပွဲကို ပထမဆုံး အကြိမ်အဖြစ်ပြုလုပ်မည်ဖြစ်ရာ ဝင်ခွင့်လျှောက်လွှာများကို ဇူလိုင် ၁ရက်မှ စက်တင်ဘာ ၃၀ရက်အထိ လက်ခံသွားမည်ဖြစ်သည်။ ပြိုင်ပွဲနှင့်ပတ်သက်၍ သိရှိလိုပါက www. mekongphotocontest.com သို့ ဝင်ရောက်ကြည့်ရှုနိုင်သည်။

ရုပ်ရှင်၊ ဗီဒီယိုအခြေခံတည်းဖြတ်မှုသင်တန်းဖွင့်မည်

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ ပထမဆုံးအကြိမ်ဖွင့်လှစ်သော ရုပ်ရှင်၊ ဗီဒီယို အခြေခံတည်းဖြတ်မှုသင်တန်းကို မေ ၂၅ရက်တွင် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးသင်တန်းခန်းမတွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

နီကွန်ဓာတ်ပုံပြိုင်ပွဲကျင်းပမည်

စင်ကာပူနိုင်ငံမှ ဓာတ်ပုံပညာရှင်များ အကဲဖြတ်ပေးမည့် မြန်မာ့ရိုးရာသင်္ကြန်အလှ ဓာတ်ပုံပြိုင်ပွဲကို နီကွန်ကုမ္ပဏီက Myanmar Water Festival 09 နှင့် Rain ဟူ၍ ပြိုင်ပွဲနှစ်မျိုးကျင်းပမည်ဖြစ်ရာ Myanmar Water Festival 09 ပြိုင်ပွဲအတွက် မေ၃၁ရက်နှင့် Rain ပြိုင်ပွဲအတွက် နိုဝင်ဘာ ၃၀ရက် နောက်ဆုံးထား၍ အမှတ် (၁၈၄/၁၈၂)၊ အခန်း(ဘီ-၁) နှင်းဆီကွန်ဒို ဗိုလ်တထောင်မြို့နယ်သို့ ပေးပို့ရမည် ဖြစ်သည်။ ။

(မြန်မာ့အလင်း)

စုစည်းတင်ပြသူ-ထိန်လင်း

ပရီမီယာလိဂ်၊ စီးရီးအေ၊ လာလီဂါနဲ့ မန်ယူ၊ အင်တာမီလန်နဲ့ ဘာစီလိုနာ

နိုင်ငံတကာ အားကစား သုံးသပ်ချက် - မောင်မောင်မြင့်ဆွေ — စာမျက်နှာဖွဲ့ စည်းမှု - သန်းဝင်း (မြန်မာ့အလင်း)

လန်ဒန် မေ ၁၂

၂၀၀၈-၂၀၀၉ ဘောလုံးရာသီရဲ့ ပြည်ဖုံးကားချရတော့မယ့်အချိန်ဟာ မကြာခင်ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ တစ်ရာသီလုံး အကြိတ်အနယ်ဖြတ်သန်းခဲ့ရတဲ့ ဘောလုံးအသင်းတွေဟာ အပြုံး၊ အပျော်၊ အငို၊ အမဲ့ ရသမျိုးစုံကို ပေးစွမ်းနိုင်ခဲ့သလို ရာသီကုန်ခါနီး နောက်ဆုံးပွဲစဉ်တွေအထိပါ ပရိသတ်ရင်ကို ဆူဝေနေအောင် ဆွဲဆောင်နိုင်စွမ်းရှိနေဆဲဖြစ်ပါတယ်။

ဥရောပကလပ် ဘောလုံးအသင်းတွေရဲ့ ပြည်တွင်းလိဂ်ပြိုင်ပွဲတွေဖြစ်တဲ့ ပရီမီယာလိဂ်၊ လာလီဂါ၊ စီးရီးအေစတဲ့ ပြိုင်ပွဲတွေရဲ့ နောက်ဆုံးအနေအထားကို သုံးသပ်ကြည့်လိုက်တဲ့အခါ ဒီလိုတွေ့ရှိကြရမှာ ဖြစ်ပါတယ်။

ပရီမီယာလိဂ်

ပရီမီယာလိဂ်မှာတော့ လက်ရှိချန်ပီယံ မန်ယူဟာတန်းစီဇယားကို ဦးဆောင်နေပြီး ဒုတိယနေရာက လီဗာပူးထက်တစ်ပွဲလျှော့ သုံးမှတ်ကွာနေပါတယ်။ ပရီမီယာလိဂ် ဖလားကို ကာကွယ်နိုင်ဖို့အတွက် မေ ၁၀ရက်က ပွဲစဉ်(၃၆)ကို ယှဉ်ပြိုင်ပြီးချိန်မှာ ဒုတိယနေရာက လီဗာပူးနဲ့တတိယနေရာက ချယ်လ်ဆီးတို့ နိုင်ပွဲတွေရရှိခဲ့တာမို့ ပြတ်သားတဲ့ရလဒ် မထွက်ဘဲရှိနေဆဲ ဖြစ်နေပါတယ်။

"မန်ယူက ထိုက်ထိုက်တန်တန် ခြေစွမ်းပြပြီးပရီမီယာလိဂ်ဖလားကို ကာကွယ်နိုင်မယ်ဆိုတာ ယုံကြည်မှုရှိနေခဲ့ပါတယ်"

(မန်ယူနည်းပြ-ဖာဂူဆန်)

မန်ယူဟာလာမယ့် ပရီမီယာလိဂ် လက်ကျန်ပွဲစဉ်အဖြစ် ဝီဂန်နဲ့ **(ယနေ့)** မေ ၁၃ရက်ညမှာ ကစားရမှာဖြစ်ပါတယ်။ မန်ယူဟာ ဝီဂန်ကိုအနိုင်ကစားပြီး ပွဲစဉ်(၃၇)အဖြစ် အာဆင်နယ်နဲ့ ကစားတဲ့အခါ သရေကစားလိုက်ရုံနဲ့ ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးသွားတော့ မှာဖြစ်ပါတယ်။

လီဗာပူး

ဒုတိယနေရာက လီဗာပူးဟာ မန်ယူရဲ့အမှားအယွင်းတွေကို စောင့်နေပေမယ့် အမှားမရှိအောင် ထိန်းသိမ်းကစားနေတဲ့ မန်ယူတို့ကြောင့် မျှော်လင့်ချက်ပြည့်ဝဖို့သိပ်တော့ မလွယ်ပါဘူး။ မန်ယူဟာ လက်ရှိ အနေအထားအထိ ခက်ခက်ခဲခဲ ကြိုးစားခဲ့ရတာမို့ အတိမ်းအစောင်းမဖြစ်အောင် ကစားသွားတော့မှာ သေချာပါတယ်။ မန်ယူမှာ ဒဏ်ရာရတဲ့သူ များများစားစားမရှိတော့တာမို့ ရှိတဲ့အားကိုအပြည့်ထုတ်သုံးပြီး သေသေချာချာ ပြင်ဆင်ကစားရင်တော့ ပရီမီယာလိဂ်ဖလားကို ကာကွယ်နိုင်မှာ သေချာပါတယ်။

ဖိအားပေးနေဆဲ

ဘာဖြစ်လို့လဲဆိုတော့ လီဗာပူးဟာ အခုအချိန်အထိ မန်ယူကိုဖိအားပေးနေဆဲဖြစ်ပြီး ပရီမီယာလိဂ်ဖလားရယူရေးအိပ်မက်ကို မစွန့်လွှတ်သေးပါဘူး။ ဒါကြောင့် အမှားအယွင်းဖြစ်ခဲ့ရင် လီဗာပူးက အခွင့်အရေးအရယူမှာမို့ မန်ယူသတိထားကစားရမှာဖြစ်ပါတယ်။ ဒါကြောင့် ပရီမီယာလိဂ်ဖလားကာကွယ်နိုင်ဖို့ဖ၀ရာခိုင်နှုန်းလောက်အခွင့်အရေးရှိနေပေမယ့် မန်ယူဟာပေါ့ဆလို့မရတဲ့ အနေအထား ရှိနေဆဲပါပဲ။

ဒါကြောင့် ဖာဂူဆန်ဟာရာသီကုန်ချိန်မှာ မျက်နှာပန်းလှအောင်လို့ အဓိက ကစားသမားတွေကို ပွဲချိန်ပြည့်မကစားခိုင်းဘဲ အထိအခိုက် ကင်းရှင်းပြီး အင်အားပြည့်ကစားနိုင်အောင် လူစားလဲကစားစေတဲ့စနစ်ကို ကျင့်သုံးနေခြင်းပဲ ဖြစ်ပါတယ်။ မန်ယူနည်းပြဖာဂူဆန်ကတော့ "မန်ယူဟာ ထိုက်ထိုက်တန်တန် ခြေစွမ်းပြပြီး ပရီမီယာလိဂ်ဖလားကို ကာကွယ်နိုင်မယ်ဆိုတာ အစောကြီးကတည်းက ယုံကြည်မှုရှိနေခဲ့ပါတယ်"လို့ပြောကြားနေတာမို့ လက်တွေ့မှာ ပြောသလိုဖြစ်မဖြစ် စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

စီးရီးအေ

စီးရီးအေပွဲစဉ်တွေကို လှမ်းမျှော်ကြည့်လိုက်တဲ့အခါ ပွဲစဉ်(၃၅)အထိ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဖြစ်ပါတယ်။ တကယ်တမ်းပွဲစဉ် (၃၄)ပွဲ ကစားပြီးမှာ အင်တာမီလန်က ၇၇မှတ်နဲ့ တန်းစီဇယားထိပ်ဆုံးက ပြေးနေတာမို့ ပွဲစဉ်(၃၅)အပြီးမှာ အင်တာမီလန်သာ ချေယေဗိုကို အနိုင်ယူခဲ့ရင် စီးရီးအေဖလားကိုအခုအချိန်မှာ ကိုင်မြှောက်ခွင့်ရရှိစေမှာ ဖြစ်ပါတယ်။ ချေယေဗိုရဲ့ အိမ်ကွင်းမှာ သွားရောက်ကစားခဲ့တဲ့အခါ အင်တာမီလန်တို့ ပေါ့ဆမှုကြောင့် နှစ်ဂိုးစီ သရေဖြစ်ခဲ့တာပါ။ တကယ်ဆိုရင် တန်းဆင်းဇုန်ထဲဆင်းဖို့ မျက်စပစ်နေတဲ့ ချေယေဗိုကို အင်တာမီလန်တို့က ဘယ်လိုပဲ ကစားကစား အနိုင်ကစားနိုင်တဲ့ ခြေစွမ်းရှိပါတယ်။ ဒါဟာ နည်းပြ မော်ရင်ဟိုရဲ့ ပေါ့ဆမှုပါပဲ။

တစ်ပွဲနိုင်

အင်တာမီလန်ဟာ ပွဲစဉ်(၃၅)ကို အနိုင်မကစားနိုင်ခဲ့လို့ နောက်ပွဲစဉ်တွေ အကြိတ်အနယ် ကစားရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဒုတိယနေရာက အေစီမီလန်နဲ့ တစ်ပွဲပို ရှစ်မှတ်ကွာနေတာမို့ တစ်ပွဲနိုင်ရင်ပဲ ဖလားရယူနိုင်တော့မှာ ဖြစ်နေပါတယ်။ တန်းစီဇယား တတိယနေရာမှာရှိနေတဲ့ နာမည်ကြီးဂျူဗင်းတပ်စ်ကတော့ တစ်ပွဲလျှော့ ၁၄မှတ်ကွာနေတာကြောင့် အင်တာမီလန်ဟာ စီးရီးအေဖလားအတွက် အေစီမီလန်ကိုပဲ ခေါင်းထဲထည့်ရမှာပါ။

"စီးရီးအေဖလားကို အင်တာမီလန် ရယူထားပြီဆိုတာ ပရိသတ်တွေ အစောကြီးကတည်းက လက်ခံထားပြီးသားပါ"

(အင်တာမီလန်နည်းပြ မော်ရင်ဟို)

အကြိတ်အနယ်

စီးရီးအေမှာ ဒီနှစ်တန်းဆင်းရမယ့် အသင်းတွေက ရက်ဂျီးနားနဲ့ လက်ချီတို့ ဖြစ်ပြီး ဘိုလော့နာနဲ့ တိုရီနိုတို့ နှစ်သင်းကတော့ အကြိတ်အနယ်ကစားကြရမှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဘိုလော့နာနဲ့ တိုရီနိုတို့အတွက်ကတော့ ဘယ်သူ တန်းဆင်းသွားမလဲဆိုတာ ရင်ပူစရာအခြေအနေဖြစ်ပါတယ်။ ဒါကြောင့် ဒီနှစ်စီးရီးအေမှာ အင်တာမီလန်တို့ နောက်တစ်ပွဲနိုင်ရင် ဗိုလ်စွဲမှာ ဖြစ်ပေမယ့် အပြတ်ပြောလို့ မရသေးတဲ့အနေအထား ဖြစ်နေဆဲပါပဲ။ အင်တာမီလန်နည်းပြ မော်ရင်ဟိုကတော့ "စီးရီးအေဖလားကို အင်တာမီလန်ရယူထားပြီဆိုတာ ပရိသတ်တွေ လက်ခံထားပြီးသားပါ။ အင်တာမီလန်ကိုကျော်ဖြတ်ပြီးစီးရီးအေဖလားရယူဖို့ဆိုတာ ဘယ်အသင်းမှ မစွမ်းဆောင်နိုင်ပါဘူး"လို့ ပြောကြားနေပါတယ်။

လာလီဂါ

လာလီဂါဖလားကို သိမ်းပိုက်ဖို့ လက်ပြင်နေတဲ့ ဘာစီလိုနာဟာ ပွဲစဉ်(၃၅)ကို အိမ်ကွင်းမှာ ကစားတဲ့အခါ ဗီလာရီးရဲကို သရေပွဲဖြစ်ခဲ့လို့ ဖလားကိုင်မြှောက်ခွင့်မရရှိသေးပါဘူး။ တန်းစီဇယားထိပ်ဆုံးက ဘာစီလိုနာဟာ ဒုတိယနေရာက ရီးရဲမက်ဒရစ်ကို ပွဲတူရှစ်မှတ် ဖြတ်ထားနိုင်လို့ အတိမ်းအစောင်းခံနိုင်သေး တယ်ဆိုပေမယ့် ဆိုးရွားတဲ့ရလဒ်ကို ဆက်တိုက်ကြုံတွေ့ရရင်တော့ ခါးသီးဖွယ်ရာ ခံစားမှာ ဖြစ်ပါတယ်။

"လာလီဂါဖလားရယူဖို့အတွက်ကတော့စိုးရိမ်စရာမရှိပါဘူး။ချန်ပီယံလိဂ်ဖလားအတွက်ပဲ အာရုံစိုက်နေရပါတယ်" (ဘာစီလိုနာနည်းပြ-ဂွာဒီရိုလာ)

ချန်ပီယံလိဂ်

ဘာစီလိုနာဟာ ချန်ပီယံလိဂ်ဖလားမှာ နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းထားတဲ့ အသင်းဖြစ်ပေမယ့် လာလီဂါမှာလည်း အလျှော့ပေးမှာ မဟုတ်ပါဘူး။ ဒါပေမယ့် မက်ဆီ၊ အီတူး၊ အွန်နရီနဲ့အင်နီယေစတာတို့ အကုန်ထုတ်သုံးပေမယ့် ဗီလာရီးရဲလို အသင်းကို အိမ်ကွင်းမှာ သုံးဂိုးစီ သရေပွဲဖြစ်အောင် ကစားခဲ့တဲ့ ခြေစွမ်းကအားရစရာမရှိပါဘူး။ ဘာစီလိုနာတို့ ကံကောင်းတာကတော့ ဖလားလုဘက် ရီးရဲမက်ဒရစ်က ခြိမ်းခြောက်နိုင်မှု အနေအထား အားနည်းနေတာပါပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဘာစီလိုနာတို့ နိုင်ပွဲတစ်ပွဲရရင် လာလီဂါဖလားကို ကိုင်မြှောက်ခွင့်ရနိုင်မှာ ဖြစ်ပါတယ်။

လွတ်မြောက်

လာလီဂါမှာ တန်းဆင်းဖို့အတွက် ဟန်ပြင်နေတဲ့ အသင်းတွေကတော့ ဂီဂွျန်၊ နူမန်စီယာနှင့် ရီခရီယေတီဗိုတို့ဖြစ်ပြီး တန်းမဆင်းရရေးအတွက် အဲဒီအသင်းတွေ ရုန်းကန်ကြရဦးမှာ ဖြစ်ပါတယ်။တန်းဆင်းဖို့အတွက် ပွဲတူ၃၄မှတ်ကိုယ်စီ ရနေချိန်မှာ ကိုယ်ကပွဲတိုင်းရလဒ်ကောင်းမှတန်းဆင်းဇုန်က လွတ်မြောက်ကြမှာဖြစ်ပါတယ်။ ဘာစီလိုနာ နည်းပြ ဂွာဒီရိုလာကတော့ "လာလီဂါဖလားရယူဖို့ စိုးရိမ်စရာမရှိပါဘူး၊ ဖလားရရှိနေပြီလို့ပဲ သတ်မှတ်ထားလိုက်ပါပြီ။ ချန်ပီယံလိဂ်ဖလားအတွက်ပဲ အာရုံစိုက်နေပါတယ်"လို့ ပြောကြားနေပါတယ်။

ဒါကြောင့် ပရီမီယာလိဂ်မှာ မန်ယူ၊ လာလီဂါမှာ ဘာစီလိုနာနဲ့ စီးရီးအေမှာ အင်တာမီလန်တို့ကတော့ ပန်းအဝင်မှာ ရှေ့ဆုံးကဦးဆောင်နေကြတာမို့ ရာသီကုန်ခါနီးမှာ အမှန်တကယ်ဖလားကိုင်မြှောက်ခွင့် ရနိုင်မရနိုင်ဆိုတာကို စိတ်ဝင်တစား စောင့်မျှော်ကြည့်ရမှာ ဖြစ်ပါတယ်။ ။

(ကိုးကား-အင်တာနက်သတင်းများ)

ပရီမီယာလိဂ်မှာ မန်ယူ၊ လာလီဂါမှာ ဘာစီလိုနာနဲ့ စီးရီးအေမှာ အင်တာမီလန်တို့ကတော့ ပန်းအဝင်မှာ ရှေ့ဆုံးက ဦးဆောင်နေကြတာမို့ ရာသီကုန်ချိန်မှာ အမှန်တကယ် ဖလား ကိုင်မြှောက်ခွင့် ရနိုင်မရနိုင်ဆိုတာ။

ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး ကြီးကြပ်မှုကော်မတီ ဒုတိယအကြိမ် စည်းဝေး

ရန်ကုန် မေ ၁၂

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့တို့ ကြီးမှူးဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းအစီအစဉ် ကြီးကြပ်မှုကော်မတီ၏ ဒုတိယအကြိမ် အစည်းအဝေး(Second Meeting of National Steering Committee for HPAI Prevention and Control in Myanmar)ကို ယမန်နေ့နံနက်၉နာရီက ရန်ကုန်မြို့ရှိ Sedona Hotel၌ ကျင်းပရာ **(အပေါ်ပုံ)** ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်၊ ဒုတိယဥက္ကဋ္ဌ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Dr. Shin Imai နှင့် World Bankမှ Lead Operations Officer Mr.Steven N. Schonberger တို့တက်ရောက် အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ ကြီးကြပ်မှု ကော်မတီဝင်များဖြစ်ကြသော မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (FAO) မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်၊ မြန်မာနိုင်ငံကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းအစီအစဉ် အကြီးတန်းပညာရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ပါမောက္ခချုပ်၊ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ USA ID၊ JICAတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တင်ပြ

ဆက်လက်၍ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ အာရှနှင့် ပစိဖိတ်ဒေသ နယ်စပ်ဖြတ်ကျော်ရောဂါများ အရေးပေါ်ထိန်းချုပ်ရေးဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး (Regional Coordina-tor for FAO ECTADRAP)Dr.Wantanee Kalpr-avidh က ဒေသအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေ၊ လူတွင်ဖြစ်ပွားသော A/H_1N_1 တုပ်ကွေး ရောဂါဖြစ်ပွားမှု၊ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ဝက်တုပ်ကွေးရောဂါ(Swine Influenza) ကာကွယ်ရေး ဆောင်ရွက်သင့်သည့် လုပ်ငန်းများကိုလည်းကောင်း၊ အမျိုးသားအစီအစဉ် ညှိနှိုင်းရေးမှူး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးနှင့် ကြက်ငှက်တုပ် ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းအစီအစဉ် အကြီးတန်းပညာရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် (Chief Technical Advisor) D.r Murray Maclean တို့က မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း တင်ပြကြသည်။

အကြံပြုဆွေးနွေး

တင်ပြချက်များအပေါ် FAO Head Quarter မှ Mr.Quan Gao၊ Regional USAID မှ Dr.John Mac Arthur၊ World Bank မှ Operations Advisor Mr.Laurent Msellatiနှင့် အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ ကြီးကြပ်မှု ကော်မတီဝင်များနှင့် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၉ရက်က ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မှ ခရိုင်ဦးစီးမှူး ဦးဝင်းတင်၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ရန်ကုန်တိုင်းရုံးမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းနွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့ ဒလမြို့နယ်သို့ ကွင်းဆင်း၍ ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ လက်အောက်ရှိ ခရီးသည်တင်အငှားယာဉ်များအား ယာဉ်မတော်တဆမှု လျှော့နည်းပပျောက်ရေးအတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစွာ သွားလာမောင်းနှင်နိုင်ခြင်း ရှိမရှိ၊ မှတ်ပုံတင်စည်းကမ်းချက်များနှင့် ညီညွတ်ခြင်းရှိမရှိအား စစ်ဆေးပြီး နယ်လှည့်မှတ်ပုံတင်များ ဆောင်ရွက်ပေးစဉ်။

(ခရိုင် ကညန)

သစ်တောသစ်ပင် ဒို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး" အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၁၂

ရန်ကုန်မြို့ ပန်းလှိုင် ဂေါက်ကွင်း၌ ကိုသန့်သီဟ (Pado Memorial Hospital) သည် မေ ၂ရက် မွန်းလွဲ ၂နာရီ ၁၀မိနစ်တွင် ကစားဖော်များ ဖြစ်သော ဒေါက်တာအောင်သန့်၊ ဦးမင်းမင်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် (၁၂) ၁၁၆ ကိုက်အကွာမှ Serixon-3 ဘောလုံးအား KING Cobra FP Pitching Wedge တုတ်ဖြင့် White Tee မှ ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆောင်ရွက်

မြစ်သား မေ ၁၂

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင်နှင့် ဝန်ထမ်းများ ရစ်ကန်ကျေးရွာသို့သွားရောက်၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကျေးရွာရှိ အိမ်ခြေ ၂၉၇အိမ်အား ခြင်ဆေးဖျန်းခြင်း၊ ပိုးလောက်လမ်း ပေါက်ပွားရာနေရာများအား စစ်ဆေးဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

အေစီမီလန်ကို အန်ဆယ်လော့တီ ကျောခိုင်းတော့မည်

မောင်မောင်မြင့်ဆွေ - ရေးသား၍ တိုးလွင် - စာမျက်နှာဖွဲ့စည်းသည်

ရောမ မေ ၁၂

လာမည့်ဘောလုံးရာသီမှာ အေစီမီလန်အသင်းအတွက် နည်းပြသစ်တစ်ဦး အစားထိုး တာဝန်ပေးသွားတော့မယ်လို့ အေစီမီလန်အသင်းပိုင်ရှင် ဘာလူစကိုနီက မေ ၁၂ရက်မှာ ထုတ်ဖော်ပြောကြားလိုက်ပြီ ဖြစ်ပါတယ်။

လေးရာသီ

အေစီမီလန်အသင်းဟာ ဒီနှစ်ဘောလုံးရာသီမှာ အင်တာမီလန်ကိုကျော်ပြီး စီးရီး အေဖလား ရယူရေးဆိုတာ မဖြစ်နိုင်တော့တာမို့ ဘာလူစကိုနီ အားမလိုအားမရ ဖြစ်နေခဲ့ပါတယ်။ အေစီမီလန်ဟာ စီးရီးအေဖလားကို လက်လွှတ်ဆုံးရှုံးနေတာဟာ လေးရာသီတိုင်ခဲ့ပြီ ဖြစ်တာမို့ ဘာလူစကိုနီ ဒေါသထွက်မယ်ဆိုရင်လည်း ထွက်စရာပါပဲ။

စွမ်းဆောင်ထားနိုင်

ဒါပေမယ့် ဒီနှစ်စီးရီးအေမှာ အေစီမီလန်အသင်းကို အခုအချိန်အထိ ၃၅ပွဲကစား၊ ၂၁ ပွဲနိုင်၊ ရှစ်ပွဲ သရေ၊ ခြောက်ပွဲရှုံးရလဒ်တွေနဲ့ စီးရီးအေ တန်းစီဇယားမှာ ဒုတိယနေရာတော့ ရပ်တည်နိုင်အောင် နည်းပြ အန်ဆယ်လော့တီ စွမ်းဆောင်ထားနိုင်ပါတယ်။

ဒါပေမယ့် ပိုင်ရှင် ဘာလူစကိုနီကတော့ မိမိအသင်း စီးရီးအေဖလားမရတာဟာ နည်းပြအန်ဆယ်လော့တီကြောင့်ပဲ ဖြစ်တယ်လို့ စွပ်စွဲပြောကြားနေပြီး ပွဲစဉ်အတော်များများကို နည်းစနစ်အမှားတွေ ထုတ်သုံးခဲ့တယ်လို့ ဆိုပါတယ်။ ဒါ့အပြင် အေစီမီလန်အသင်းမှာ ခြေစွမ်းထက်တဲ့ ဘောလုံးသမားတွေ အများကြီးရှိပါလျက်နဲ့ အောင်မြင်မှုရအောင် မစွမ်းဆောင်နိုင်တာဟာ အန်ဆယ်လော့တီ**(အပေါ်ပုံ)**ကြောင့်ပဲ ဖြစ်တယ်လို့ ပြောကြားနေပါတယ်။

ဒီလိုပြောကြားတာကို အီတလီနိုင်ငံထုတ် လာရီပူဘလီကာသတင်းစာမှာ ဖော်ပြခဲ့တယ်လို့ ဆိုပေမယ့် အေစီမီလန်အသင်း ဒုတိယဥက္ကဋ္ဌ ဂါလီရာနီက ငြင်းဆိုခဲ့ပါတယ်။ ဘာလူစကိုနီဟာ ဒီလိုပြောမှာ မဟုတ်ကြောင်း၊ နည်းပြအန်ဆယ်လော့တီဟာ အရည်အချင်းပြည့်ဝသူ တစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ဆုံးဖြတ်သွားမည်

ဒါပေမယ့် နည်းပြအန်ဆယ်လော့တီကတော့ "မိမိဟာ မိမိတာဝန်ကို အကောင်းဆုံး စွမ်းဆောင်နေကြောင်း၊ အေစီမီလန်အသင်း စီးရီးအေဖလား မဆွတ်ခူးနိုင်တာဟာ မိမိအားနည်းချက်ဖြစ်ကြောင်း၊ မိမိအနာဂတ်ကို ဒီနှစ်ရာသီကုန်၌ ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း" ပြောကြားပါတယ်။

အေစီမီလန်အသင်းဟာ စီးရီးအေဖလား မရယူနိုင်ပေမယ့် နောက်နှစ်ချန်ပီယံလိဂ်ကိုတော့ ဝင်ကစားခွင့်ရမှာ သေချာနေပါတယ်။ နည်းပြအန်ဆယ်လော့တီကလည်း ဒီနှစ်ဘောလုံးရာသီကုန်ရင် အေစီမီလန်အသင်းကို စွန့်ခွာတော့မယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေတာမို့ အေစီမီလန်ရဲ့ နည်းပြသစ် ဘယ်သူဖြစ်လာမလဲဆိုတာ စောင့်ကြည့်ကြရမှာဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

အနယ်လ်ကာ ချယ်လ်ဆီးမှထွက်ခွာမည်မဟုတ် ၄င်း၏အေးဂျင့် ပင်ဂီဆီ ဖွင့်ဟပြောကြား

လန်ဒန် မေ ၁၂

ချယ်လ်ဆီးတိုက်စစ်မှူး အနယ်လ်ကာသည် အသင်းတွင်ပျော်ရွှင်နေကြောင်း ၄င်း၏ အေးဂျင့်က အခိုင်အမာပြောကြားပြီးနောက် အနယ်လ်ကာ**(ဝဲပုံ)**သည် အသင်းမှထွက်ခွာဖွယ်မရှိဟု သတင်း၌ ဖော်ပြသည်။

ချယ်လ်ဆီးအသင်း ယာယီနည်းပြ ဂူဟစ်ဒင့် ရောက်ရှိလာပြီးနောက် ၄င်းမှအပ ဒရော့ဘာအား မျက်နှာသာပေးပွဲထုတ်ခဲ့မှုကြောင့် ပရီမီယာလိဂ်အသင်း ချယ်လ်ဆီးတွင် အဓိကအခန်းမှပါဝင်သည့် ဂိုးဖန်တီးရှင် အနယ်လ်ကာသည် အရန်ခုံတွင် ထိုင်နေခဲ့ရကာ အတော်ပင်ရုန်းကန်ခဲ့ရသည်။

အသက် ၂၉နှစ်ရှိ အနယ်လ်ကာအနေဖြင့် ပထမပွဲထွက်လူစာရင်းတွင် ပါဝင်ရမှုနည်းပါးလာမှုကြောင့် အသင်းမှထွက်ခွာလိုသည့် ဆန္ဒရှိနေသည်ဟု ထင်ကြေးသတင်းများထွက်ပေါ်ခဲ့သော အနယ်လ်ကာသည် ပါရီစိန့်ဂျာမိန်း၊ အာဆင်နယ်၊ ရီးရဲမက်ဒရစ်၊ လီဗာပူး၊ မန်စီးတီး၊ ဖီနာဘာချီနှင့် ဘော်လ်တန် စသည့် အသင်းပေါင်းများစွာတို့တွင် ပြောင်းရွှေ့ကစားခဲ့ဖူးသူဖြစ်၍ အပြောင်းအရွှေ့နှင့် အစိမ်းသက်သက်မဟုတ်ချေ။ ထို့အပြင် အသင်းတစ်သင်းတွင် ပျော်မွေ့လွယ်သော ကစားသမားတစ်ဦးလည်း မဟုတ်ချေ။

ပြောကြား

အနယ်လ်ကာသည် ချယ်လ်ဆီးမှ ပြောင်းရွှေ့မည်မဟုတ်ကြောင်း၊ ယင်းအသင်းတွင် အစစအရာရာ အဆင်ပြေနေကြောင်း၊ ၄င်းသည် အသင်းနှင့် စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေသေးပြီး အသင်းတွင်ပျော်ရွှင်နေကြောင်း၊ မိမိအနေဖြင့် ချယ်လ်ဆီးရှိ လူတိုင်းနှင့် ဆွေးနွေးပြောဆို မေးမြန်းခဲ့ပြီး ၄င်းတို့အနေဖြင့်လည်း အနယ်လ်ကာနှင့် ချစ်ချစ်ခင်ခင်ရှိနေကြသည်ကို တွေ့ရသောကြောင့် အနယ်လ်ကာသည် ချယ်လ်ဆီးတွင် ဆက်နေလိမ့်မည်ဖြစ်ကြောင်း၊ အနယ်လ်ကာ၏ အေးဂျင့် ဒေါက်ပင်ဂီဆီက စကိုင်းအားကစားဂျာနယ်ကို ပြောကြားခဲ့သည်။

(အင်တာနက်)

မာရှယ်ရာနို လီဗာပူး၌ ဆက်ရှိနေမည်

လန်ဒန် မေ ၁၂

အာဂျင်တီးနား ကွင်းလယ်ကစားသမား မာရှယ်ရာနို**(ယာပုံ)**က မိမိသည် လာမည့် ဘောလုံးရာသီတွင် လီဗာပူးအသင်း၌ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ကြံ့ခိုင်မှုမပြည့်

မာရှယ်ရာနိုသည် ယခုနှစ်ဘောလုံးရာသီ၌ လီဗာပူးအသင်းနှင့်အတူ ပွဲစဉ်အများအပြား ပါဝင်မကစားခဲ့ရချေ။ မိမိအနေဖြင့် ကြံ့ခိုင်မှုမပြည့်ဝသဖြင့် ပါဝင်ကစားနိုင်ခြင်း မရှိကြောင်း၊ မိမိသည် ပွဲစဉ်တိုင်း ပါဝင်မကစားရသော်လည်း လီဗာပူးအသင်း၌ ကစားရသည်မှာ ပျော်ရွှင်နေကြောင်း ၄င်းက ပြောကြားသည်။

အောင်မြင်မှု

ထို့အပြင် မိမိသည် လီဗာပူးအား အောင်မြင်မှုများရရှိစေရန် ကြိုးစားပေးနိုင်ရန် အားထုတ်သွားမည်ဖြစ်ကြောင်း မာရှယ်ရာနိုက ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

စပါးလူငယ်အသင်းတွင် နည်းပြလုပ်ရေး ဟာရီရက်နက်က သားဖြစ်သူ ဂျာမီအားကမ်းလှမ်း

လန်ဒန် မေ ၁၂

စပါးနည်းပြ ဟာရီရက်နက်သည် ၄င်း၏သား ဂျာမီအား လာမည့် ဘောလုံးရာသီတွင် စပါးလူငယ်အသင်း၌ နည်းပြရန် ကမ်းလှမ်းခဲ့သည်။

၂၀၀၅ခုနှစ်တွင် ဒူးဒဏ်ရာကြောင့် ဘောလုံးကစားခြင်းမှ အနားယူခဲ့သူ စပါး ကွင်းလယ်ကစားသမားဟောင်း ဂျူနီယာရက်နက်သည် စကိုင်းအားကစားဂျာနယ်တွင် အလုပ်လုပ်နေသော ဘောလုံးပညာရှင်တစ်ဦးဖြစ်သော်လည်း စပါးအသင်းတွင် တစ်ပတ်လျှင် နှစ်ရက်မျှ နည်းပြအဖြစ်ဆောင်ရွက်နိုင်မည်ဟု ဆိုသည်။

ဝင်ရောက်လုပ်ကိုင်

စပါးကစားသမားဟောင်းများဖြစ်ကြသော လက်စ်ဖာဒီနန်နှင့် ကင်ရှာဝုဒ်တို့သည် စပါးအသင်းတွင် နည်းပြရေးဝန်ထမ်းများအဖြစ် ဝင်ရောက်လုပ်ကိုင်နေခဲ့ပြီးဖြစ်သည်။

လာမည့်နှစ်တွင် လူငယ်များအား ချစ်ခင်တတ်သည့် ဂျာမီသည် စပါးလူငယ်အသင်းကို တစ်ပတ်လျှင် နှစ်ရက်မျှ သုနှစ်သက်သော နည်းပြအလုပ်ဖြင့် အလုပ်အကျွေးပြုနိုင်မည်ဟု မိမိမျှော်လင့်ကြောင်း၊ ၄င်းအနေဖြင့် နည်းပြအလုပ်ဖြင့် မှတ်တမ်းဝင်အောင် လုပ်ဆောင်ရန် ကြိုးစားနေကြောင်း၊ လူငယ်အသင်းနှင့်ဆိုပါက အောင်မြင်မှု ကြီးကြီးမားမားရနိုင်ကြောင်း ဟာရီရက်နက်**(အပေါ်ပုံ)**က ပြောကြားသည်။ အပြင်လောကတွင် နည်းပြအဖြစ် ကမ်းလှမ်းရန် စပါးအသင်းအနေဖြင့် ကစားသမားဟောင်း အမြောက်အမြားရှိကြောင်း သတင်း၌ ဖော်ပြသည်။

တင်းနှင့် လက်စ်တို့သည် စပါးအသင်းသို့ ရောက်လာကတည်းက အလုပ်ကြိုးစားကာ ကောင်းကောင်းမွန်မွန် လုပ်ဆောင်ကြကြောင်း၊ သို့သော်လည်း ၄င်းတို့အား အသင်းများက အခွင့်အရေးမပေးခဲ့ကြကြောင်း၊ မိမိအနေဖြင့် ၄င်းတို့နှစ်ဦးအနက်မှ တစ်ဦးကိုမျှ မဆုံးရှုံးစေလိုကြောင်း၊ သို့သော်လည်း စပါးအသင်းအနေဖြင့် တန်းဆင်းခဲ့ရပါက ၄င်းတို့အား ၄င်းတို့နှစ်သက်သည့် အခွင့်အရေးပေးရမည် ဖြစ်ကြောင်း ရက်နက်က ဆက်လက်ပြောကြားသည်။ စီနီယာရက်နက်သည် စပါးအသင်း လာမည့်ဘောလုံးရာသီတွင် ထိပ်ဆုံး လေးသင်းစာရင်းဝင်နိုင်ရန်အတွက် စိန်ခေါ်နိုင်ရန် ကစားသမားသုံးဦးကိုလည်း ခေါ်ယူစာချုပ် ချုပ်ဆိုမည်ဖြစ်သည်။ **(အင်တာနက်)**

ချန်ပီယံလိဂ် ပွဲပယ်ပြစ်ဒဏ်များ ယူအီးအက်ဖ်အေအတည်ပြု

လန်ဒန် မေ ၁၂

ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)သည် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲများတွင် အနီကတ်အပြခံရသော မန်ယူနှင့် ဘာစီလိုနာတို့မှ အားကစားသမားများအတွက် သက်ဆိုင်ရာအသင်းအသီးသီးမှ အယူခံဝင်ခဲ့ကြမှုကို ပယ်ချလိုက်ခြင်းဖြင့် ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခဲ့သည်။

ယင်းသို့ ပယ်ဖျက်ခဲ့ခြင်းကြောင့် လာမည့် မေ၂၇ရက်တွင် ရောမမြို့၌ ကျင်းပမည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် မန်ယူမှ ဖလက်ချာ ပါဝင်ကစားနိုင်မည် မဟုတ်သကဲ့သို့ ဘာစီလိုနာခံစစ်မှူးများ ဖြစ်ကြသည့် အဘီဒယ်နှင့် အဲလ်ဗက်စ်တို့ ပါဝင်ကစားခွင့်ရကြတော့မည် မဟုတ်ပေ။

ပြောကြား

ဒိုင်လူကြီးတစ်ဦး၏ ဆုံးဖြတ်ချက်သည် ပွဲတစ်ပွဲ၏ရလဒ်ကို ပြောင်းလဲသွားစေနိုင်သော်လည်း အနီကတ်ပြ ထုတ်ပယ်ခံရသော အားကစားသမားများ၏ ပြစ်ဒဏ်ကို ပယ်ဖျက်ရေးအတွက် တစ်စုံတစ်ရာ ထပ်မံကြိုးစားပေးမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

(အင်တာနက်)

ချစ်စိုးနိုင်-စုစည်းတင်ပြသည်

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ဆီရီနာဝီလျံ နိုင်ပွဲရရှိ

ပါရီ မေ ၁၂

ဒူးဒဏ်ရာမှ ပြန်လည်သက်သာလာသော ကမ္ဘာ့နံပါတ်-၂ တင်းနစ်မယ် ဆီရီနာဝီလျံသည် ပါရီမြို့၌ မေ ၁၂ရက်က ယှဉ်ပြိုင်ကစားသော ပြင်သစ်အိုပင်း တင်းနစ်ပြိုင်ပွဲ၌ ပြိုင်ဘက်ဖရန်စီကာအား အနိုင်ရရှိခဲ့သည်။

ဆီရီနာဝီလျံသည် ပထမအဆင့် ပတ်လည်ပြိုင်ပွဲတွင် ရှေ့ဆုံးမှ ဆာဖီနာ နောက်ဒုတိယနေရာမှ ကပ်လိုက်လျက်ရှိသည်။ ဆီရီနာဝီလျံသည် ယခုနှစ် ဇန်နဝါရီက ယှဉ်ပြိုင်ကစားခဲ့သော ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ဗိုလ်စွဲခဲ့သည်။

(အင်တာနက်)

ရေစီးရေလာကောင်းမွန်ရေး အမှိုက်နှင့်ကျောက်များဆယ်ယူ

ဖားကန့် မေ ၈

ဖားကန့်မြို့တွင်း အမှတ် (၃) လမ်းမကြီး လမ်းဘေးဝဲယာတစ်လျှောက်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများအတွင်းရှိ နုန်းများ၊ အမှိုက်နှင့်ကျောက်တုံးများ ဆယ်ယူခြင်းလုပ်ငန်းကို မေ ၅ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင်၏ ကြီးကြပ်မှုဖြင့် ဒုတိယဦးစီးမှူး ဦးမျိုးသန့်စင်နှင့်ဝန်ထမ်းများဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စဥ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးတင့် အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း အဖွဲ့ဝန်ထမ်းများ ပေါင်းမြက်များ နုတ်ခြင်းနှင့် သတ်မှတ်လျာထားချက်ပြည့်မီစေရေးအတွက် ပျိုးပင်များပြုစုပျိုးထောင်ခြင်းလုပ်ငန်းတို့ကို ကြီးကြပ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မင်းလှမြို့၌ ကြက်ခြေနီနေ့ အထိမ်းအမှတ် သူနာပြုစွမ်းရည်ပြိုင်ပွဲ ဆုပေးအပ်ချီးမြှင့်

မင်းလှ မေ ၁၀

၂၀၀၉ခုနှစ် ကမ္ဘာ့ကြက်ခြေနီနေ့အထိမ်းအမှတ်နှင့် ကြက်ခြေနီသူနာပြု စွမ်းရည်ပြိုင်ပွဲအခမ်းအနားကို မေ၈ရက် နံနက်၉နာရီက ပဲခူးတိုင်း(အနောက်ပိုင်း) မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မင်းလှမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် နွေရာသီ၌ ဖွင့်လှစ်ခဲ့သော ကြက်ခြေနီ(အခြေခံ)ရှေးဦးပြုစုနည်း သင်တန်းသုံးခုမှ သင်တန်းသားများက သူနာပြုစွမ်းရည်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ကြက်ခြေနီတပ်ရင်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌတို့က ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(တိုင်း ပြန်/ဆက်)**

မြားပစ်သင်တန်း မင်းတပ်၌ဖွင့်

မင်းတပ် မေ ၃

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်နှင့် မင်းတပ်ခရိုင် အားကစားနှင့် ကာယပညာကော်မတီတို့ ပူးပေါင်းဖွင့်လှစ်သည့် မြားပစ်အားကစားသင်တန်းကို ဧပြီ ၃၀ရက် မွန်းလွဲ ၁နာရီက မင်းတပ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မင်းတပ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားပြောကြားပြီး မင်းတပ်ခရိုင်အားကစားနှင့်ကာယပညာကော်မတီ အတွင်းရေးမှူး ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးထန်းလိန်းက သင်တန်းနှင့်ပတ်သက်၍ရှင်းလင်းတင်ပြသည်။

(ခရိုင် ပြန်/ဆက်)

ပူဇော်ကန်တော့

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့တွင် ဧပြီ ၁၇ ရက်က နှစ်စဉ်ကျင်းပမြဲဖြစ်သော အသက် (၈၀) အထက် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို မူဆယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပစဉ်။ (မြို့နယ်စာပေ/စာနယ်ဇင်း)

မော်လမြိုင်ကျွန်းမြို့နယ် ရဲတပ်ဖွဲ့ဝင်မိသားစုများနှင့် ပြည်သူများ ရေကောင်းရေသန့် သုံးစွဲနိုင်ရေး စက်ရေတွင်းနှင့် ရေလှောင်ကန်နှစ်လုံးဖွင့်

မော်လမြိုင်ကျွန်း မေ ၁၀

မော်လမြိုင်ကျွန်းမြို့နယ် ရဲတပ်ဖွဲ့ဝင်မိသားစုများနှင့် ပြည်သူများ ရေကောင်းရေသန့် သုံးစွဲနိုင်ရေးအတွက် အလှူရှင်မော်လမြိုင်ကျွန်းမြို့နေ သီရိသုဓမ္မမဏိဇောတဓရ ဦးမောင်လှနှင့် သုဓမ္မသီဂီ ဒေါ်ရွှေစိန်မိသားစု ဆောက်လုပ်လှူဒါန်းသော ငွေကျပ်သိန်း ၆၀တန် ရေတွင်းနှင့်ဂါလန် ၅၀၀၀ဆံ့ ရေလှောင်ကန်နှစ်လုံး ဖွင့်ပွဲအခမ်းအနားကို မတ် ၂၅ရက် နံနက် ၇နာရီက မော်လမြိုင်ကျွန်းမြို့ ဘုရင့်နောင် ၁၀လမ်းထိပ်ရှိ ရဲတပ်ဖွဲ့ စက်ရေတွင်းနေရာ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူးရဲမှူးဌေးအောင်နှင့် သီရိသုဓမ္မမဏိဇောတဓရ ဦးမောင်လှတို့က စက်ရေတွင်းနှင့် ရေလှောင်ကန်တို့ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းမြင့်က စက်ရေတွင်းနှင့် ရေလှောင်ကန်ဆောက်လုပ်ရခြင်းများကို ရှင်းလင်းတင်ပြပြီး မြောင်းမြခရိုင် ရဲတပ်ဖွဲ့မှူးရဲမှူးဌေးအောင်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ (၁၄၂)

မြို့နယ် သတင်းများ

မီးဘေးကြိုတင်ကာကွယ်ရေး သန့်ရှင်းရေးဆောင်ရွက်

နွားထိုးကြီး မေ ၁၀

(၆၃)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ မေ ၃ရက် နံနက်ပိုင်းက မြို့မ(၆)ရပ်ကွက် မီးဘေးကြိုတင် ကာကွယ်နိုင်ရေးအတွက် အထူးသန့်ရှင်းရေး ပူးပေါင်းဆောင်ရွက်ကြရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်အေးနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစာရုံမန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးကြသည်။

(၀၉၅)

ညောင်ရွှေစည်ပင် လမ်းများကောင်းမွန်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်

ညောင်ရွှေ မေ ၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့တွင်းလမ်းများကောင်းမွန်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဧပြီ၂၇ ရက်က ဖောင်တော်ဆိုက်လမ်းအပိုင်း လမ်းပေါက်ဖာထေးခြင်းလုပ်ငန်းဆောင်ရွက်မှု အခြေအနေကို အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်တိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးကြောင်းသိရသည်။ (၀၂၁)

မြင်းမူမြို့နယ် အမှတ်(၄) မူလတန်းလွန်ကျောင်းတွင် ကျောင်းကျန်းမာရေး ရှေးဦးသူနာပြုစုခြင်း သင်တန်းဖွင့်

မြင်းမူ မေ ၉

မြင်းမူမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သော ကျောင်းကျန်းမာရေး ရှေးဦးသူနာပြုစုခြင်းသင်တန်း (၁/၂၀၀၉) ဖွင့်ပွဲအခမ်းအနားကို ဧပြီ၂၀ရက် နံနက်၉နာရီက မြင်းမူမြို့ အမှတ် (၄) အခြေခံပညာမူလတန်းလွန်ကျောင်း ကုံကော်ကျောင်းဆောင်သစ်ခန်းမ၌ကျင်းပရာ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးရန်အောင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးပိုတို့က အမှာစကားပြောကြားသည်။

ထို့နောက် အမှတ်(၄) အခြေခံပညာ မူလတန်းလွန်ကျောင်းမှ သင်တန်းသား၂၀နှင့် သင်တန်းသူ ၃၀တို့အား မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့အသင်း ဒုတိယတပ်ရင်းမှူး ဦးစိုးမင်းအောင်၊ တပ်ခွဲမှူး ဒေါ်သန်းသန်းမြင့်**(အောက်ပုံ)**၊ တပ်ခွဲမှူး ဒေါ်အုံးကြင်၊ တပ်စုမှူး ဒေါ်သင်းသင်းထွေး၊ တပ်ခွဲမှူး ဦးစံရွှေနှင့်တပ်စုမှူး ဦးနေလင်းကျော်တို့က ရှေးဦး သူနာပြုစုရခြင်းအကြောင်းပို့ချကြသည်။ သင်တန်းကာလမှာ ဧပြီ၂၀ရက်မှ ၂၇ရက်အထိဖြစ်ကြောင်း သိရသည်။

(၀၃၅)

ဓနုဖြူ၌ စိုက်ပျိုးရေးနှင့်ဆက်စပ်ပစ္စည်းများ ပေးအပ်

ဓနုဖြူ မေ ၂

၂၀၀၉-၂၀၁၀ခုနှစ် စိုက်ပျိုးရာသီအတွက် ကဥ္စနကျွန်းသာကုမ္ပဏီလီမိတက် GOLD DELTA Co.,Ltd.မှ အကျိုးတူစိုက်ပျိုးရေးစနစ်လုပ်ငန်းအတွက် ကုမ္ပဏီနှင့်ပူးပေါင်းဆောင်ရွက်မည့် အကျော်တိုက်နယ်ရှိ ကျေးရွာ ရှစ်ရွာမှ တောင်သူလယ်သမား ၁၉၅ဦးအား စိုက်ပျိုးရေးဆက်စပ်ပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ဧရာဝတီတိုင်း မအူပင်ခရိုင် ဓနုဖြူမြို့နယ် လမန်းကျေးရွာအုပ်စုရှိ ပြင်ကသာ အထက(ခွဲ)ကျောင်းခန်းမ၌ ဧပြီ၂၉ရက် နံနက်၉နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်လှိုင်က စိုက်ပျိုးရေးဆက်စပ်ပစ္စည်းပေးအပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကဥ္စနကျွန်းသာကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးချစ်ခိုင်က လယ်ယာသုံးပစ္စည်းများ ပေးအပ်ရခြင်းရည်ရွယ်ချက်နှင့် ကုမ္ပဏီ၏ရှေ့လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထောက်ပံ့

ထို့နောက် ကဥ္စနကျွန်းသာကုမ္ပဏီမှ ဥက္ကဋ္ဌ ဦးချစ်ခိုင်က စိုက်ပျိုးရေးဆက်စပ်ပစ္စည်းများဖြစ်သည့် မျိုးစပါး၊ ယူရီးယားဓာတ်မြေဩဇာ၊ တီစူပါ၊ ပိုတက်၊ ဒီဇယ်ဆီနှင့် ထောက်ပံ့ငွေများကို တောင်သူများအား ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)**

အဆိုပါ ကဥ္စနကျွန်းသာကုမ္ပဏီမှ စိုက်ပျိုးရေးဆက်စပ်ပစ္စည်းများကို အကျော်တိုက်နယ်မှ ဆန္ဒပြုတောင်သူ ၁၉၅ဦးထံသို့ တန်ဖိုးငွေကျပ်သိန်း၄၈၀ကျော်ဖိုး ပေးအပ်ခဲ့သည်။ (၁၄၇)

သဘာဝဘေးဆိုင်ရာ စိစစ်သုံးသပ်ခြင်းနှင့် တုံ့ပြန်ရေးသင်တန်းဖွင့်

သံဖြူဇရပ် မေ ၇

သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် သဘာဝဘေးဆိုင်ရာ စိစစ်သုံးသပ်ခြင်းနှင့် တုံ့ပြန်ရေး မွမ်းမံသင်တန်းကို ဧပြီ၂၅ရက်မှ ၂၇ရက်အထိ မြန်မာနိုင်ငံကြက်ခြေနီအသင်း (မွန်ပြည်နယ်)နှင့် ဝေါလ်ဗွီးရှင်း (မြန်မာ) တို့ ပူးပေါင်း၍ သံဖြူဇရပ် အထက(၁) ပညာဗိမာန်ခန်းမ၌ ၃ရက်ကြာ ဖွင့်လှစ်သည်။

မွမ်းမံသင်တန်းဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မွန်ပြည်နယ် ကြက်ခြေနီအသင်း၊ မြို့နယ်ကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များနှင့် ဝေါလ်ဗွီးရှင်းအဖွဲ့မှ မြို့နယ်တာဝန်ခံများ တက်ရောက်ကြပြီး ၂၀၀၈-၂၀၀၉ခုနှစ် သံဖြူဇရပ်မြို့နယ်အတွင်း နယ်မြေခြောက်ခု၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများမှ သင်တန်းသားသင်တန်းသူ ၂၀၈ဦး တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သောက်သုံးရေရရှိရေး

စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်၃၂ရပ်ကွက်အနက် ကန်တော်ကြီးသောက်သုံးရေမရသည့် ရပ်ကွက် ငါးရပ်ကွက်သို့ သောက်သုံးရေအမြန်ရရှိရေးအတွက် စည်ပင်သာယာ ဦးစီးဌာန(ရုံးချုပ်)မှဒုတိယညွှန်ကြားရေးမှူး (အင်/ယာ) ဦးခင်မောင်ဌေး ဦးဆောင်ပြီး မင်းဘာကြီးလမ်းနှင့်ခေါင်းလောင်းကျောင်းလမ်းထောင့်တွင် တူးဖော်နေသည့် အလျား၃၄ပေ၊ အနံ ၁၂ပေ၊ အမြင့်၉ပေ၄လက်မရှိ ရေလှောင်ကန်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဘုန်းလွင်နှင့်ပြည်နယ်အင်ဂျင်နီယာ ဒေါ်ခင်ခင်စိုးတို့က ရှင်းလင်းတင်ပြစဉ်။ (၁၁၃)

ပုလဲမြို့နယ်၌ မူလတန်းကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

ပုလဲ မေ ၂

စစ်ကိုင်းတိုင်း ပုလဲမြို့နယ် အင်းကန်ကျေးရွာအုပ်စု စပါးစေ့ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဧပြီ ၂၁ရက် မွန်းလွဲ ၁နာရီက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးတင်ဟန်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်လင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးတင်ဌေးတို့က ပညာရေး၊ ကျန်းမာရေး အခြေအနေများနှင့် နိုင်ငံသားတိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားပြုလုပ်ရမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးကြသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်သိန်း ၃၀၊ ပြည်သူများထည့်ဝင်လှူဒါန်းငွေကျပ် ၂၉သိန်းဖြင့် အလျား ပေ၈၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ပေရှိ ကျောင်းဆောင်သစ်ကို ကျောင်းဆောင်ဆောက်လုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဘိုဝင်းက မြို့နယ်ပညာရေးမှူးဦးတင်ဟန်ထံသို့ကျောင်းဆောင်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဝန်းသိုမြို့နယ် မီးသတ်ဦးစီးဌာန အကြိုအခြေခံမီးသတ်သင်တန်းဆင်း

ဝန်းသို မေ ၁

ကသာခရိုင် ဝန်းသိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဖွင့်လှစ်သည့် မြို့နယ်မီးသတ်ဦးစီးဌာန၏ အကြိုအခြေခံမီးသတ်သင်တန်းအမှတ်စဉ် (၁/၂၀၀၉)ဆင်းပွဲကို မတ် ၂၇ရက် နံနက် ၈နာရီက မီတာ ၄၀၀အားကစားဝင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် မီးသတ်သင်တန်းသားများ တက်ရောက်ကြသည်။

ထို့နောက် မီးသတ်သင်တန်းသားများအား သရုပ်ပြမီးငြိမ်းသတ်မှုပြသကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကန့်ဘလူမြို့ အမှတ်(၃)ရပ်ကွက် အများသုံးရေစက်ရုံနှင့် အများသုံးရေကန်ဆောင်ရွက်မှုကို ဧပြီ ၂၇ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်စိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့အနယ်နယ် သတင်းများ

ကျောက်ချောလမ်းခင်း

ဟသ်္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြလမ်း၊ တံတား ငွေလုံးငွေရင်းလုပ်ငန်းဖြစ်သော အမှတ်(၂၉)အမက ကျောင်းရှေ့လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဧပြီ ၂၈ရက်က အမှုဆောင်အရာရှိကြီးကြပ်မှုဖြင့် အင်ဂျင်နီယာမှူး ဦးဌေးဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ပိုးပိုးမာတို့ ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မြစ်ကြီးနားမြို့၌ မြေယာရှုခင်းအလှပြုပြင်

မြစ်ကြီးနား မေ ၈

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြစ်ကြီးနားမြို့အား သန့်ရှင်းသပ်ရပ်သာယာလှပပြီး ကျန်းမာရေးနှင့် ညီညွတ်သော မြို့ဖြစ်စေရန် နေ့စဉ် လုပ်ငန်းဆောင်ရွက်လျက်ရှိရာ မေ ၂ရက်က လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင်ကြီးကြပ်သောအဖွဲ့ ဝန်ထမ်းများသည် မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက် မြို့ဝင်ဆိုင်းဘုတ်ပတ်ဝန်းကျင် မြေယာရှုခင်းအလှပြုပြင်ပြီး ရာသီပန်းများ ဖြည့်စွက်စိုက်ပျိုးခြင်းနှင့် မြို့ဝင်ဆိုင်းဘုတ် ပတ်ဝန်းကျင်လမ်း ဘေးဝဲယာချုံနွယ်များ မရှိစေရေး ဆောင်ရွက်ထားရှိမှုကို ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင်တို့က လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဟုမ္မလင်း၌ မီးသတ်တပ်ဖွဲ့နေ့ကျင်းပ

ဟုမ္မလင်း မေ ၈

(၆၃)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့ မြို့လယ်အားကစားကွင်း၌ မေ ၅ရက် နံနက် ၇နာရီက ကျင်းပရာ မြို့နယ်ခေတ္တဥက္ကဋ္ဌ မြို့နယ် အရန်မီးသတ်တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးညွန့်ဇော်တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုကြပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များက သစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။

ဆက်လက်၍ မြို့နယ်ခေတ္တဥက္ကဋ္ဌနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ကျော်က စစ်ကြောင်းပုံစံဖြင့် ချီတက်အလေးပြုကြပြီး မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်မှုကို လက်တွေ့သရုပ်ပြကြသည်။

ဆက်လက်၍ မြို့နယ်အားကစားခန်းမတွင် မှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနား ကျင်းပရာ မီးသတ်စွမ်းရည်နှင့် စစ်ရေးပြပြိုင်ပွဲ၊ ယူနီဖောင်းဝတ်စုံပြိုင်ပွဲတို့တွင် ဆုရရှိကြသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ မြို့နယ်အရန် မီးသတ်တပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးဖေ သန်းက အလှူရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်ရာ အလှူရှင်များကိုယ်စား ဦးမြင့်သောင်းဦးက လက်ခံယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မိုးကြိုဂုန်လျှော်၊ ချဉ်ပေါင်လျှော်စိုက်ပျိုးရေး

နှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီ လလယ်မှ ဧပြီလကုန်အထိ လည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာ အဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိ လည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက် ရာခိုင်နှုန်း ၈၀နှင့် အထက်ရှိသောမျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်း သုံးစွဲပါ။

၆။ ချဉ်ပေါင်လျှော် မျိုးစေ့များအား မစိုက်မီ (၃၊ ၄) နေလှန်းပြီးမှ စိုက်ပျိုးပါ။

၇။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ၊ မျိုးစေ့ချစိုက်ပျိုးရန်အတွက် မြေအစိုဓာတ်သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၈။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာ အဆိပ်တုံးပြုလုပ်၍ စိုက်ခင်း ပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၉။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ ဂုန်လျှော်နှင့် လျှော်မျှင်များ လုပ်ငန်းဌာန၏ ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မော်လမြိုင်မြို့၌ ခရီးသည်တင်ကားနှင့် ဆိုင်ကယ်များ စည်းကမ်းချက်နှင့်အညီ မောင်းနှင်ရေး စစ်ဆေးမှုများဆောင်ရွက်

မော်လမြိုင် မေ ၁

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်စီစဉ်မှုဖြင့် မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ မှာကြားချက်ဖြင့် မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအတွင်းရေးမှူး၊ မော်လမြိုင် ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး ရွှေအေး၊ ပြည်နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင် စစ်ဆေးရေးတာဝန်ခံ (ယာဉ်ထိန်း)ဒုတိယရဲမှူး မြင့်အေးတို့ ဦးဆောင်သော ပူးပေါင်းအဖွဲ့ (စစ်ဆေးရေး)တို့သည် ဧပြီ၆ရက်က မော်လမြိုင်မြို့နယ်သို့ ဝင်ထွက်ခရီးသည် တင်ကားများနှင့် မော်တော်ဆိုင်ကယ်များအား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ပြေးဆွဲမောင်းနှင်ခြင်းရှိမရှိ ပိတ်ဆို့စစ်ဆေးမှုများ အရှိန်အဟုန်မြှင့် ကွင်းဆင်းဆောင်ရွက်ကြသည်။ **(ယာပုံ)**

အဆိုပါအဖွဲ့သည် မွန်ပြည်နယ်(၁၀)မြို့နယ်တို့မှ မောင်းနှင်ခဲ့သော ဆိုင်ကယ်များ၊ နယ်ကျော်ဝင်လာသည့် မော်တော်ယာဉ်များ၊ မြို့တွင်းပြေးဆွဲသည့် မော်တော်ယာဉ်များအား သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းရှိမရှိ စစ်ဆေးမှုလုပ်ငန်းကို ဧပြီ ၆ရက်မှ ၁၇ရက်အထိ ကွင်းဆင်းစစ်ဆေးမှု ဆောင်ရွက်ရာ စည်းကမ်းမဲ့မော်တော်ဆိုင်ကယ်မောင်းနှင်သူ ၆၈ ဦးအား ဖမ်းဆီးအရေးယူ၍ မော်လမြိုင်မြို့နယ် တရားရုံး(အထူး)သို့ တရားစွဲတင်ပို့ခဲ့သည်။

မော်လမြိုင်မြို့နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီက မြို့နယ်အတွင်း ယာဉ်စည်းကမ်းလမ်းစည်းကမ်းများ လိုက်နာရေးအတွက် တိတိကျကျ စီမံဆောင်ရွက်မှုများကြောင့် မော်လမြိုင်မြို့နယ်အတွင်း ယာဉ်တိုက်သေဆုံးမှု လုံးဝမဖြစ်ပွားခဲ့ကြောင်း သိရသည်။

(၀၁၄)

ကွန်ဟိန်းမြို့ သုခလမ်း လမ်းပေါက်ဖာထေး

ကွန်ဟိန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိုးလွင်မြင့်နှင့်အဖွဲ့ ဧပြီ ၂၂ရက်က ကွန်ဟိန်းမြို့ သုခလမ်း လမ်းပေါက်ဖာခြင်းလုပ်ငန်း ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော် ကွင်းဆင်း ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

နမ့်ခမ်းမြို့ ပဒေသာလမ်းကတ္တရာခင်း

နမ့်ခမ်း မေ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပဒေသာလမ်းကတ္တရာခင်းခြင်းလုပ်ငန်းကို ဧပြီ ၂၇ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်လွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမြင့်ထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကတ္တရာခင်းနေမှုကို ကြပ်မတ်ဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါကတ္တရာလမ်းသည် အရှည် ပေ ၁၉၀၀၊ လမ်းအကျယ် ၁၂ပေရှိပြီး ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၅၅သိန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ ဆက်လက်၍ မြို့နယ် ဥက္ကဋ္ဌနှင့်အဖွဲ့သည် နမ့်ခမ်းမြို့လယ် ပြည်ထောင်စုလမ်းမကြီး၏ လမ်းဘေးတစ်လျှောက် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းလယ်ကျွန်းပန်းအလှပင်များ စိုက်ပျိုးထားရှိမှုတို့ကို ဆောင်ရွက်ပေးသည်။ (၁၂၃)

ညောင်ရွှေမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မင်္ဂလာဈေးတွင် မီးဘေး ကြိုတင်ကာကွယ်တားဆီးရေးအတွက် မေ ၁ရက်က မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ ဈေးသားများ ပူးပေါင်း၍ မီးငြိမ်းသတ်မှု ဇာတ်တိုက်လေ့ကျင့်ခြင်းကို အမှုဆောင်အရာရှိ ဦးလင်းထွဋ်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ တာဝန်ခံနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့ ကြီးကြပ်ပေးစဉ်။

(မြို့နယ်စည်ပင်)

မီးလောင်မှုတွင် စွမ်းစွမ်းတမံ ဆောင်ရွက်သူများ ဂုဏ်ပြုရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်း

မန္တလေး မေ ၅

မီးလောင်မှုတွင် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုပွဲကို ဧပြီ ၈ရက် မွန်းလွဲ ၂နာရီက၂၉လမ်း မန္တလေးတိုင်း မီးသတ်ဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ မီးသတ်ဦးစီးဌာန အထက်မြန်မာပြည်ကွပ်ကဲမှုရုံး၊ ကွပ်ကဲရေးမှူးညွှန်ကြားရေးမှူးဦးမင်းဆွေ၊ မန္တလေးတိုင်း မီးသတ်ဦးစီးဌာန တိုင်းဦးစီးမှူး ဦးတင်မင်း၊ ခရိုင်မီးသတ်ဦးစီးအရာရှိ ဦးကျော်နိုင်မိုးနှင့် မြို့နယ်ဦးစီးမှူးများ၊ ခရိုင်အရန်မီးသတ်တပ်ဖွဲ့ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှမောင်နှင့်ကော်မတီဝင်များ၊ ဒုတိယတပ်ရင်းမှူးများ၊ တပ်ခွဲမှူးများ၊ တပ်ဖွဲ့ဝင်များနှင့်အလှူရှင်စင့လမ်း ရုံတော်ကြီးဝိန့်စိန်ရွှေဆိုင်ပိုင်ရှင်ဦးဝင်းစိန်၊ ဒေါ်ရိန်မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင်များကိုယ်စား မန္တလေးရွှေကုန်သည်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်က မီးသတ်တပ်ဖွဲ့ဝင်များအားဂုဏ်ပြုသည့်အနေဖြင့် အလှူရှင်က ငွေကျပ်သိန်း ၅၀လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဧပြီ ၆ရက် ည ၁၁နာရီ၄၅မိနစ်က ၈၄လမ်း၊ ၂၈×၂၉လမ်းကြား ဝိန့်စိန်ရွှေဆိုင်အနီးအထပ်မြင့် ငါးထပ်မှမီးလောင်မှုဖြစ်စဉ်ရာ တပ်ဖွဲ့ဝင်များမှ စွမ်းစွမ်းတမံ လက်ဦးမှုရရေးအတွက် မီးငြိမ်းသတ်သည်ကို ကိုယ်တွေ့တွေ့ရှိရသဖြင့် စေတနာသဒ္ဓါ ထက်သန်စွာဖြင့် ငွေကျပ်သိန်း ၅၀ကိုအလှူရှင်များက တိုင်းမီးသတ်ဦးစီးမှူးသို့ပေးအပ်လှူဒါန်းရာ လက်ခံယူပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။ **(အပေါ်ပုံ)** (၀၉၀)

ရခိုင်ပြည်နယ် မီးရထားလမ်းဖောက်လုပ်ရေး မီးရထားသံလမ်းများ ရောက်ရှိ

စစ်တွေ မေ ၃

ဘားအံသင်္ဘောဖြင့် မြန်မာ့မီးရထားလုပ်ငန်းအတွက် မီးရထားသံလမ်းတန်ချိန် ၁၀၂၀တန် ဧပြီ ၂၄ရက်က စစ်တွေမြို့သို့ရောက်ရှိလာသည်။ နိုင်ငံတော်အစိုးရအနေဖြင့် စစ်တွေပုဏ္ဏားကျွန်း မီးရထားလမ်းအပိုင်းအား စက်ယန္တရားအမြောက်အမြား အသုံးပြု၍ အရှိန်အဟုန်ဖြင့် ဖောက်လုပ်လျက်ရှိရာ ၎င်းရောက်ရှိလာသော မီးရထားသံလမ်းများကို စစ်တွေနည်းပညာတက္ကသိုလ် မီးရထားလမ်းအပိုင်းတွင် အသုံးပြုသွားမည်ဖြစ်သည်။

မကြာမီကာလအတွင်း မီးရထားလမ်းအရှည် ၁၁ဒသမ၄၆ မိုင်ရှိ စစ်တွေ-နည်းပညာ တက္ကသိုလ်ရထားလမ်းကို ဖွင့်လှစ်တော့မည်ဖြစ်ရာ ဒေသခံတိုင်းရင်းသားပြည်သူများ စစ်တွေတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် ကျောင်းသူ ကျောင်းသားများ အဆင်ပြေ ချောမွေ့စွာ ခရီးသွားလာနိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

(ပြည်နယ် ပြန်/ဆက်)

ဈေးကွက်ဝင် ပဲစောင်းလျားသီးပင် မိုးရာသီ၌ တိုးချဲ့စိုက်ပျိုးမည်

နောင်ချို မေ ၄

ဈေးကွက်ဝင် ပဲစောင်းလျားသီးပင်ကို ရှမ်းပြည်နယ်(မြောက်ပိုင်း)နောင်ချိုမြို့နယ်အတွင်းရှိ တောင်သူဦးကြီးများက ယခုနှစ် မိုးရာသီတွင် တိုးချဲ့စိုက်ပျိုး ထုတ်လုပ်သွားရေးအတွက် မြေများပြုပြင်ကြသည်။ ဈေးကွက်ဝင် ပဲစောင်းလျားသီးပင်သည် နွယ်ပင်နှင့် ပြောင်းဖူးပင်ကြားစိုက်ပျိုးပါက တိုင်ထောင်ပေးစရာမလိုဘဲ မြေဩဇာမထည့်၍ဖြစ်စေ၊ စိုက်ပျိုးရန် လွယ်ကူခြင်း၊ အပင်ပေါက်မြန်ခြင်း၊ ပဲစောင်းလျားသီးအနုများအား သုပ်စားပါက ဆေးဖက်ဝင်ခြင်းနှင့် အစေ့ကို တစ်ပြည်လျှင် ငွေကျပ် ၂၅၀၀မှကျပ် ၃၀၀၀အထိရရှိသဖြင့် တောင်သူဦးကြီးများ အထူးစိတ်ဝင်စားသည့် သီးနှံဖြစ်၍ ယမန်နှစ်ကထက် တိုးချဲ့စိုက်ပျိုးကြမည်ဖြစ်ကြောင်း သိရသည်။ (၀၂၅)

ပဲခူးတိုင်း ဖြူးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများကို စတင်ထုတ်ချေးပေးလျက်ရှိရာ ဧပြီ၂၄ရက်က ကညွှတ်ကွင်း(အနောက်)ကျေးရွာနှင့် ကျားသောင်ကျေးရွာအုပ်စုများမှ လယ်သမားပေါင်း ၃၆၆ဦး၏ လယ်ဧက ၂၆၁၂ဧကအတွက် ငွေကျပ် ၂၆၁ ဒသမ၂သိန်းကို မြို့နယ်မန်နေဂျာ ဦးထိန်ဝင်းက ထုတ်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

ဆီအုန်း၊ ကျွန်း၊ သစ်မာ၊ ရော်ဘာနှင့် ကြက်ဆူပင်စိုက်ပျိုးရေး ကော့သောင်းခရိုင်၌ အသိပညာပေးဟောပြောပွဲများ ကျင်းပ

ကော့သောင်း မေ ၅

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(ဥက္ကဋ္ဌ)ရုံး သစ်တောရေးရာဝန်ကြီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့နှင့် ပူးတွဲစီမံကြီးကြပ်ဆောင်ရွက်၍ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ရုံး) ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ရုံး)ကော့သောင်းခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(ခမောက်ကြီး)မြို့မှ ကျင်းပသော ဆီအုန်း၊ ကျွန်း၊ သစ်မာ၊ ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး လူထုအသိပညာပေးဟောပြောပွဲကို ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ကော့သောင်းခရိုင်အတွင်းရှိ (၁၆)မြို့နယ်များ၌ ကျင်းပသည်။

စာပေရေးရာ

ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆီအုန်း၊ ကျွန်း၊ သစ်မာ၊ ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး လူထုအသိပညာပေးဟောပြောပွဲကို ဧပြီ ၂၂ရက် မွန်းလွဲ ၂နာရီခွဲက ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးအုံ့မော်(ကိုယ်စား)အုပ်ချုပ်ရေးမှူး (ယာယီ) ဒုတိယဦးစီး ဦးမင်းလွင်က တက်ရောက် အမှာစကားပြောကြားဖွင့်လှစ်ပေးပြီး စာရေးဆရာ သုတေသီ ဗိုလ်မှူးတင်အုန်း(မှူး/ငြိမ်း)က ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေး၊ စာရေးဆရာ ဒေါက်တာ ဇွန်မောင်မောင်က ဆီအုန်း၊ ကျွန်း၊ သစ်မာ၊ ရော်ဘာနှင့် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေး လူထုအသိပညာပေးနှင့် နှစ်ရှည်ပင်များအကြောင်း ဟောပြောပြီး ဗိုလ်မှူးလှအောင်၊ ဦးအောင်နိုင်၊ ဦးမောင်ပု (၂)မိုင်အောင်သာယာသစ်စက်၊ ဦးဇော်မိုး၊ ဦးဝင်းအောင်၊ ရွှေကော့သောင်း စီးပွားရေးသတင်းဂျာနယ်တိုက်၊ ဒေါ်တင်မိုးလှိုင်၊ ဒေါ်မိုးသန္တာ အမျိုးသမီးရေးရာအဖွဲ့၊ ယုဇန(၃၈မိုင်)ဆီအုန်းစက်ရုံတို့မှပေးပို့သော အမှတ်တရဂုဏ်ပြုလက်ဆောင်ပစ္စည်းများကို နယ်မြေခံတပ်နယ်မှ ဗိုလ်မှူး အောင်ကျော်ဌေးနှင့် ဗိုလ်ကြီးအောင်မိုးတို့က စာရေးဆရာများအား ချီးမြှင့်ပေးအပ်သည်။

ဆက်လက်ကျင်းပ

ယင်းစိုက်ပျိုးရေး၊ လူထုအသိပညာပေး စာပေဟောပြောပွဲများကို ထားဝယ်ခရိုင် ထားဝယ်မြို့၌ မေ ၁၄ရက်၊ သရက်ချောင်းမြို့၌ မေ ၁၅ရက်၊ လောင်းလုံမြို့၌ မေ ၁၆ရက်၊ မေတ္တာမြို့၌ မေ ၁၈ရက်၊ ရေဖြူမြို့၌ မေ ၂၁ရက်၊ ကလိန်အောင်မြို့၌ မေ ၂၂ရက်၊ ကံပေါက်ဒေသ၌ မေ ၂၃ရက်အထိ၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်များအတွင်း၌ ဇွန်၂၄ရက်မှ အောက်တိုဘာ ၂၄ရက်အထိ စာရေးဆရာ အယ်ဒီတာ ဒေါက်တာ ဇွန်မောင်မောင် ဦးစီးသော စာပေ၊ ဂီတ၊ ရုပ်ရှင်၊ အနုပညာရှင်များအဖွဲ့က တိုင်းရင်းသားပြည်သူများအား ကျွန်း၊ ဆီအုန်း၊ ရော်ဘာ၊ ကြက်ဆူပင်၊ ဆီထွက်သီးနှံများနှင့် နှမ်း၊ ပဲ၊ ပြောင်း၊ ချည်မျှင်ရှည်ဝါ၊ ပီလောပီနံ၊ ဆန်စပါးများနှင့် နှစ်ရှည်ပင် များဖြစ်ကြသော ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး အသိပညာပေးဟောပြောပွဲများကိုဆက်လက်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

(လယ်ယာ/ဆည်မြောင်း)

ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျောက်စရစ်ကန်-ပေါက်မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းကို အငယ်တန်း အင်ဂျင်နီယာ(၂)ဒေါ်နီနီအောင် ကြီးကြပ်ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်လင်းနိုင်တို့ ကွင်းဆင်းကြည့်ရှုစဉ်။

(မြို့နယ်စည်ပင်)

တမူး၌ ကျေးရွာစာကြည့်တိုက် အဆောက်အအုံဖွင့်

တမူး မေ ၇

တမူးမြို့နယ် အင်ဒိုင်းကျေးရွာ လင်းအရဏ်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို မေ ၄ရက် နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးဝေလင်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ခင်က စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် စံ(၅)ရပ်နှင့် ညီညွတ်ရေးကို ရှင်းလင်းပြောကြား၍ အင်ဒိုင်းကျေးရွာဥက္ကဋ္ဌ ဦးညွန့်သိန်းက စာကြည့်တိုက်အဆောက်အအုံသစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာဥက္ကဋ္ဌတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးသည်။

ပေးအပ်လှူဒါန်း

အဆိုပါ စာကြည့်တိုက်ဖွင့်ပွဲတွင် ဌာနဆိုင်ရာများ၊ စေတနာရှင်များက သုတ၊ ရသစာအုပ်နှင့်မဂ္ဂဇင်း၊ ဂျာနယ်စာစောင်၂၉၀ကို လှူဒါန်းကြပြီး တမူးမြို့နေ ဦးကျော်ဆွေက ရုပ်မြင်သံကြား ပြစက်တစ်လုံး တန်ဖိုးငွေကျပ် ၁၂၀၀၀၀ကို စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းသည်။ **(ခရိုင် ပြန်/ဆက်)**

မီးဘေးကာကွယ်ရေးလေ့ကျင့်

စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့တို့ ပူးပေါင်း၍ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ဈေးအရန်မီးသတ်တို့ မြို့မဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လေ့ကျင့်မှု ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈–၂၀၀၉ ဘဏ္ဍာရေးနှစ်နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်သော ကျေးလက်ရေပေးရေးလုပ်ငန်း ထိန်ဝမ်းကျေးရွာ အုပ်စု အိုင်ကြီးကျေးရွာ စက်ရေတွင်း တွင်းပြင်၊တွင်းဆေးခြင်းလုပ်ငန်း ဆောင်ရွက်မှုကို မတ် ၂၇ရက်က ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ–၂ (စက်မှု) ဦးသိန်းညွန့်ဟန် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

မြဝတီ၌ ကျေးရွာလမ်းခင်း

မြဝတီမြို့နယ် ကွင်းကလေး ကျေးရွာအဝင်လမ်း အရှည်ပေ ၁၂၂၀ ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဧပြီ ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ကျွန်တော် မောင်ထက်နိုင်စိုး ၁၂/ဗဟန(နိုင်)၀၈၃၅၈၃နှင့် ကျွန်မ မယဉ်ယဉ်မြင့် ၁၀/မဒန(နိုင်)၀၂၉၂၅၇တို့သည် လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်းနှင့် ၁၂–၅–၂၀၀၉ ရက်တွင် မင်္ဂလာဧည့်ခံပွဲ ပြုလုပ်ပြီးစီးပါကြောင်း။

အမည်ပြောင်း

အဖဦးခင်မောင်ဦး၏သမီး အထက (၃) ပဲခူးမြို့ Grade -10(B)မှ မအိအိမိုးဦးအား မဆုလှဲ့မွန်ဟု ပြောင်းလဲခေါ်ပါရန်။ **မဆုလှဲ့မွန်**

အမည်ပြောင်းလဲခေါ်ပါရန်

ဦးလင်းနိုင်ဦး–ဒေါ်မြနုတို့၏ သမီး အမက(၃)တာမွေမြို့နယ် တတိယတန်းမှ မနွယ်နီလင်းအား ယနေ့မှစ၍ မနှေပွင့်ဦးဟုခေါ်ပါရန်။ **မနှေပွင့်ဦး။**



Bringing British Education to You!!

ငှားရန်ရှိသည်

CNG ၁၀ ပေ (လူစီးနှင့်ကုန်တင်)ကားများ ငှားရန်ရှိသည်။
ဆက်သွယ်ရန်–ကိုမင်းမင်း
ဖုန်း–၀၉–၅၀–၈၀၁၉၉။



Sweety ပန်းအလှပြုပြင်နည်းသင်တန်း

ဘာသာရပ် ။ ပန်းစည်းပုံစံအမျိုးမျိုး၊ မွေးနေ့လက်ဆောင်ပန်းခြင်း၊ သတို့သမီးလက်ကိုင်ပန်း၊ (Posy)မိမိအိမ်တွင်း၊ အလှူမင်္ဂလာပွဲ ပန်းအလှဆင်ခြင်း။
အချိန် – ၁၈–၅–၂၀၀၉ရက်(တနင်္လာနေ့ မှ သောကြာနေ့အထိ)
နာရီ – ၉း၀၀နာရီမှ ၁၂း၀၀နာရီအထိ၊ ရုံးချိန် ပြင်ပ ညနေ ၅း၀၀နာရီမှ ၇း၀၀နာရီအထိ

စီးပွားပန်းခင်း၊ ပညာရေးဝန်ဆောင်မှု

- အမှတ်(၁၀၀/၁၀၆)၊ ဒုတိယထပ်၊၄၁လမ်း၊(အောက်)ပိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့။
- တိုက်(၂၃)၊ အခန်း (A-၅/A-၆)၊ ၈ရပ်ကွက်၊ လှည်းတန်းလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

နယ်မှတက်ရောက်မည့်သူများ အဆောင်စီစဉ်ပေးမည်။
ဖုန်း–၀၉–၄၄၄၅၄၂၂၂။



အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ တိုက်(၉၁)၊ အမှတ် ၁၄/၁၁၊ အခန်းအမှတ်(8/A)၊ အလွှာ(၄)၊ ဝဲဘက်၊ အနော်ရထာလမ်းပေါ်ရှိ ၅၆လမ်းထိပ် နေအိမ်တိုက်ခန်းအား နောက်ဆုံးဝယ်ယူသူ လက်ရှိပိုင်ရှင် ဦးသုနောင်စိုး ၇/ကတခ(နိုင်)၀၈၈၈၄၁ထံမှ ကျွန်မဒေါ်ဦးလှရီ ၁၁/စတန(နိုင်)၀၅၅၇၁၂သည် တရားဝင်အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါကိစ္စကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောတရားဝင်စာချုပ်စာတမ်း အထောက်အထားများကိုတင်ပြပြီး ကျွန်မထံကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ဦးလှရီ
၁၁/စတန(နိုင်)၀၅၅၇၁၂
အမှတ်(၁၈၆)၊ နဝရတ်ကွန်ဒို၊ အခန်း(၆၀၃)၊
ပုဇွန်တောင်မြို့နယ်၊ ဖုန်း–၀၉–၅၁–၉၇၁၃၃။

ဈေးပြိုင်ချိပ်ပိတ် (တင်ဒါ) ခေါ်ယူခြင်း

၁။ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုမည့် ရုံးသုံးစက်ကိရိယာပစ္စည်း ၃ မျိုးနှင့် ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်း ၁၀ မျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းချလိုသည့် ကုမ္ပဏီ၊ အရောင်းဆိုင်များသည် ၂၅–၅–၂၀၀၉ ရက် ၁၆း၃၀ နာရီနောက်ဆုံးထား၍ ညွှန်ကြားရေးမှူးချုပ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန၊ရုံးအမှတ် ၂၃၊ နေပြည်တော်သို့ လိပ်မူလျက် ချိပ်ပိတ်တင်ဒါ ဈေးနှုန်းလွှာများတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ ဝယ်ယူလိုသောပစ္စည်းအသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းချက်များကို စီမံခန့်ခွဲရေးဌာနစု (၁)၊ စီမံနှင့် ဘဏ္ဍာဌာနခွဲ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန၊ ရုံးအမှတ် ၂၃၊ နေပြည်တော်တွင် တစ်စောင်လျှင်ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ညွှန်ကြားရေးမှူး၊ စီမံနှင့် ဘဏ္ဍာဌာနခွဲ၊ဖုန်းအမှတ်–၀၆၇–၄၀၄၃၈၀၊ ဒုတိယညွှန်ကြားရေးမှူး စီမံခန့်ခွဲရေးဌာနစု (၁)၊ဖုန်းအမှတ် ၀၆၇–၄၀၄၃၈၆၊ ၀၆၇–၄၀၄၂၅၇ တို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန။

ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း

ထုချေစေရန်အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၂၂)
မော်လမြိုင်ခရိုင်တရားမရုံးတော်၌
၂၀၀၈ ခုနှစ် တရားမကြီးမှုအမှတ်–၃၁ နှင့်ဆက်သွယ်သည်။
၂၀၀၉ ခုနှစ် တရားမဇာရီမှုအမှတ်–၁၈

ဦးမောင်အေး(ခ)ဦးအပွရောင်း နှင့် ဇော်မိုးအောင်(ခ)စီတိုး
အနိုင်ဒီကရီရသူ **တရားရှုံး**

တရားရှုံး ဦးဇော်မိုးအောင်(ခ)စီတိုး (ယခုနေရပ်လိပ်စာမသိ) နှင့်တကွ မှီခိုပတ်သက်သူများအားလုံး သိစေရမည်။

၂၀၀၈ခုနှစ် တရားမကြီးမှုအမှတ်–၃၁တွင်ကျရှိသည့် ဒီကရီကိုပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးမောင်အေး(ခ)ဦးအပွရောင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊အကြောင်းပြ ချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၀၉ ခုနှစ် မေ ၂၅ ရက် (၁၃၇၁ခုနှစ် နယုန်လဆန်း ၂ရက်) မွန်းမတည့်မီ ၁၁ နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၀၉ ခုနှစ် မေ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်ခင်ချို
ခရိုင်တရားသူကြီး
မော်လမြိုင်ခရိုင်တရားရုံး။

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် မေ ၁၂

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း–၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ်လက်ခံနေသည့်အပြင် အထူး အစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း–၂၉၉၄၂၇** တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက် ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။** (မြန်မာ့အလင်း)

ဖခင်အမည်မှန်

အထက(၂)မြိတ်တွင် ပညာသင်ကြားနေသော မခင်မာချို နဝမတန်း(L)၊ မောင်သူရဇော် အဋ္ဌမတန်း(H)၊မောင်ခန့်စည်သူ ဒုတိယတန်း(B)၏ဖခင်အမည်မှန်မှာ ဦးထွန်းမြင့်(ခ)ဦးမောင်တူး ၆/ မအရ(နိုင်)၀၇၈၁၇၀ဖြစ်ပါကြောင်း။

ဦးထွန်းမြင့်(ခ)ဦးမောင်တူး
၆/မအရ(နိုင်)၀၇၈၁၇၀။

သင့်သွေးဖြင့်အသက်ကယ်ပါ

ဂီတဥယျာဉ်

Key Board –သင်တန်း
ကမ္ဘာ့သင်္ကေတ–
အရှေ့တိုင်းသင်္ကေတဖြင့် သင်ပေးသည်။
ဦးတင်အေး(ထားဝယ်)
အမှတ်–၁၄၂၊(ဒုတိယထပ်)၃၂လမ်း
ပန်းဘဲတန်း၊ရန်ကုန်။

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

တစ်နှစ်ပြည့်လွမ်းဆွတ်တမ်းတခြင်း

ရဟန်း၊ကျောင်းဒါယကာ
ဗိုလ်မှူးမြတ်ကျော်ဦး(ငြိမ်း)
D.S.A (၂၂) ၁၃–၅–၂၀၀၉

ဖေကြီးရေ–

ဖေကြီးရဲ့ မိသားစုအပေါ် ပေးဆပ်ခဲ့တဲ့ ကြီးမားသောမေတ္တာနှင့်သစ္စာတရားများကို နေ့စဉ်တမ်းတ အောက်မေ့လျက် ကျေးဇူးတင်နေဆဲပါ။ အဖေခွဲခွာသွားခြင်းဟာ အမေတို့အတွက် ဘာနဲ့မှအစားထိုးမရတဲ့ ဆုံးရှုံးမှုကြီးပါ။ အထီးကျန်နေသောဘဝကို မိမိအလှည့်မကျရောက်ခင်အချိန်ထိ အဓိပ္ပာယ်မဲ့စွာ လျှောက်လှမ်းရဦးမှာပါ။ အဖေညွှန်ပြလိုက်တဲ့ အနိစ္စတရားကြောင့် ဝိပဿနာအလုပ်ကို ကြိုးစားအားထုတ်ရင်း အဖေ့အတွက် ရည်စူး၍ ပြုလုပ်ခဲ့တဲ့ ကုသိုလ်များကို အမျှပေးဝေပါတယ်။ ဖေကြီးရောက်ရာဘုံဘဝမှ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်နိုင်ပါစေ။ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေ။

ချစ်ဇနီး– ဒေါ်မြင့်မြင့်သန်း(ရန်ကုန်တိုင်းစာရင်းရုံး)
သမီး– ဒေါက်တာသဇင်မြင့်မြတ်ဦး
သား– ဒေါက်တာရဲသွေးလှိုင်။

ကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်နေ ဦးမြင့်လွင် (ဒုတိယဥက္ကဋ္ဌ၊ ကျောက်ဆည်အသင်း၊ ရန်ကုန်)–ဒေါ်လှစိန် (ကျောင်းအုပ်–ငြိမ်း၊ ထ/၄ တာမွေ) တို့၏သားထွေး၊ ဦးမင်းဦး (SR.E/E, Nol Singapore)–ဒေါက်တာကေသီလွင်(ပါမောက္ခချုပ် (တာဝန်)နည်းပညာတက္ကသိုလ်၊ သန်လျင်)၊ ဦးကျော်ဇေယျ (ခေတ္တ–စင်ကာပူ)–ဒေါက်တာဥမ္မာစိန်(လက်ထောက်ကထိက၊ ရူပဗေဒဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးမြင့်ဝေ (C/o Nol, Singapore)–ဗိုလ်ကြီး ကေသွယ်လွင် (ငြိမ်း) တို့၏ ညီ၊ မောင်အငယ်ဆုံး၊ မောင်မျိုးထက်ကောင်း(ခ)ရွှေပိုး၏ ချစ်လှစွာသောဖခင် ဗိုလ်ကြီး မျိုးသီဟ(ငြိမ်း) သည် ၅–၅–၂၀၀၉ ရက်တွင် ပြင်ဦးလွင်မြို့နေအိမ်၌ ကွယ်လွန်ခဲ့ပါသည်။ နာမကျန်းစဉ် မိသားစုရင်းချာပမာ ပြုစုစောင့်ရှောက်ပေးခဲ့ကြသော ပြင်ဦးလွင်မြို့မှ မိတ်ဆွေများနှင့် တပည့်များအားလည်းကောင်း၊ နာရေးကိစ္စအဝဝတွင် အစမှအဆုံးတိုင် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးခဲ့ကြသော ရန်ကုန်၊ မန္တလေး၊ ရွှေဘို၊ ကျောက်ဆည်၊ မိတ္ထီလာမြို့များမှ ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ အထူးအားဖြင့် ပြင်ဦးလွင်မှ သွေးသားရင်းပမာ ချစ်ခင်ပြီး အစမှအဆုံးတိုင် လိုက်လှဲစွာကူညီပံ့ပိုးမှုပြုခဲ့သော ဗိုလ်ကြီးမျိုးသီဟ၏ မိတ်ဆွေအပေါင်းအသင်းများနှင့် တပည့်ရင်းချာများ၊ ရပ်ကွက်ကြီး(၇)မှ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အိမ်နီးချင်းများ၊ တယ်လီဖုန်း၊ သတင်းစာတို့မှ နှစ်သိမ့်အားပေးမှုပြုခဲ့ကြသော ဆွေမျိုးမိတ်ဆွေများအားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။ **မိဘများနှင့် ညီအစ်ကိုမောင်နှမများ။**

တရားသူကြီးများသည် နိုင်ငံတော်တရားရုံးများကို ကိုယ်စားပြုသူများဖြစ် ဥပဒေအရာရှိများ၊ ရဲတပ်ဖွဲ့တို့နှင့်ပူးပေါင်းပြီး ပြည်သူများကို ဥပဒေနှင့်အညီ ကူညီ

နိုင်ငံတော်၏မူဝါဒနှင့် လုပ်ငန်းများကို နားလည်ခံယူပြီး နိုင်ငံတော်ကို ဝိုင်းဝန်းတည်ထောင် နိုင်ငံရေးအသိစိတ်ဓာတ်ဖြင့် ပြည်သူ့အကျိုးပြုတရားစီရင်ရေးစနစ် ထွန်းကားအောင် ဆောင်ရွက် အမြန်ဆုံးတရားစီရင်ခြင်းဖြင့် အမှန်ဆုံးတရားစီရင်ရေးကို အောင်မြင်စေရေး ကြိုးပမ်း

နေပြည်တော် မေ ၁၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ညနေ ၃နာရီတွင် နေပြည်တော်ရှိ တရားရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်း တရားသူကြီးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ တရားသူကြီးချုပ် ဦးအောင်တိုး၊ ရှေ့နေချုပ်ဦးအေးမောင်၊ ဒုတိယတရားသူကြီးချုပ်များနှင့် ဒုတိယရှေ့နေချုပ်များ၊ တရားရုံးချုပ် တရားသူကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တရားရုံးချုပ်နှင့် ရှေ့နေချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ရုံးအဖွဲ့မှူးများ၊ ညွှန်ကြားရေးမှူးများ၊ ပြည်နယ်/တိုင်း တရားသူကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ တရားရေးအရာရှိများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ *

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရားရုံးချုပ်နှင့် ပြည်နယ်/တိုင်း တရားသူကြီးများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်

(၁၂-၅-၂၀၀၉)

ချောက် ၄၄ ဒီဂရီစင်တီဂရိတ်
မင်းဘူး ၄၂ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာမိုးရေချိန်

(၁၂-၅-၂၀၀၉)

သိမ်ဇရပ်	၂ ဒသမ ၅၆ လက်မ
မိတ္ထီလာ	၂ ဒသမ ၄၈ လက်မ
တံတားဦး	၂ ဒသမ ၀၅ လက်မ
ရွှေကျင်	၁ ဒသမ ၂၆ လက်မ
ပင်လောင်း	၀ ဒသမ ၉၈ လက်မ
ပြင်ဦးလွင်	၀ ဒသမ ၅၉ လက်မ

လွယ်ကူလျင်မြန်ချောမွေ့နေသော ရှမ်းပြည်နယ်(တောင်ပိုင်း) ဆက်သွယ်ရေးဖွံ့ဖြိုးမှု

➤ သတင်းခရီးသည် - ဝင်းကျော်
➤ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
➤ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို (မြန်မာ့အလင်း)

တောင်ကြီး မေ ၁၂ (ဖက်စ်)

'ဟဲလို' 'ဟုတ်ကဲ့ပြောပါ' 'မနက်ဖြန်ကျရင် ရုံးမှာတွေ့မယ်လေ'၊ 'ကျွန်တော်တို့ တွေ့ကြတဲ့အခါ အလုပ်ကိစ္စ ပြောကြတာပေါ့' ...... စသည့် စသည့် ဟိုနေရာဒီနေရာမှ ကြားနေရသော အသံများမှာ တောင်ကြီးမြို့တစ်ဝိုက် လှည့်လည်သွားလာခိုက် ကြားနေရသော ဖုန်းသံများပင်ဖြစ်ပါသည်။

ထိုအသံများမှာ ကျောင်းသားလူငယ်များ၏ ပညာရေးဆက်သွယ်မှုများ၊ ရုံးသူရုံးသားများ၏ လုပ်ငန်းပြောဆိုမှုများ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တွေ့ဆုံချိန်းချက်မှုများပင် ဖြစ်သည်။

ဆက်သွယ်ရေး

တောင်ကြီးမြို့သည် တောင်ပေါ်ဒေသမြို့ ဖြစ်သော်လည်း ဆက်သွယ်ရေးစနစ်အနေဖြင့် ခေတ်မီစွာ သုံးစွဲနိုင်သည်ကို တွေ့မြင်ရသကဲ့သို့ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ *စာမျက်နှာ ၁၀ ကော်လံ ၁* ●

တောင်ကြီးမြို့ မြန်မာ့ ဆက်သွယ်ရေးလုပ်ငန်း မိုက္ကရိုဝေ့ဗ်စခန်းကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

13-5 (20).pmd 1 5/13/2009, 2:10 AM